# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော်(၁၀)ရက် ၊ အင်္ဂါနေ့ ၊ (22-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံပြန်လည်ပြင်ဆင်နေမှုများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ထမ်းများအတွက် ယာယီပြောင်းရွှေ့နေရာချထားပေးသည့် နေရာများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးလျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အဆောက်အအုံပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများ၊ မြေငလျင်ဘေးဒဏ်ခံစားခဲ့ရသည့်နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ

စာမျက်နှာ ၁၆ ကော်လံ ၁

## မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပစစ်ဆေးမည့်အစီအစဉ် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် စစ်ဆေးခဲ့သည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများကို မန္တလေးတက္ကသိုလ်တွင် စာစစ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းကို မတ် ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဒေသများအတွက် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ ရက်မှ ၂၁ ရက်ထိ အောက်ပါအချိန်စာရင်းအတိုင်း ပြန်လည်ကျင်းပ စစ်ဆေးသွားမည်ဖြစ်ပါသည်-

| ရက်စွဲ | အချိန် | ဘာသာရပ် |
|---|---|---|
| ၁၆-၆-၂၀၂၅ တနင်္လာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | မြန်မာစာ |
| ၁၇-၆-၂၀၂၅ အင်္ဂါနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | အင်္ဂလိပ်စာ |
| ၁၈-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | သင်္ချာ |
| ၁၉-၆-၂၀၂၅ ကြာသပတေးနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဓာတုဗေဒ/ပထဝီဝင် |
| ၂၀-၆-၂၀၂၅ သောကြာနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ရူပဗေဒ/သမိုင်း |
| ၂၁-၆-၂၀၂၅ စနေနေ့ | နံနက် (၉) နာရီမှ (၁၂) နာရီ အထိ | ဇီဝဗေဒ/ဘောဂဗေဒ |

စာမျက်နှာ ၁၈ ကော်လံ ၁


အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံး ကျောက်ပြား အရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



**မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း - ၀၉ ၆၈၁၂၂၁၀၆၁၉၊ ၀၉ ၆၆၉၂၅၉၉၉၄

ရတနာပုံ

၂၀၂၅ ခုနှစ် ဧပြီ ၂၂ ရက်

အယ်ဒီတာ့အာဘော်

# ကျန်းမာသန့်ရှင်းသော ကမ္ဘာမြေဖြစ်စေဖို့ ထိန်းသိမ်းစောင့်ရှောက်ကြစို့

ဧပြီ ၂၂ ရက်(ယနေ့)သည် ကမ္ဘာမြေနေ့ဖြစ်သည်။ ကမ္ဘာမြေကြီးသည် လူသားတို့၏ အသက်ရှင်ရပ်တည်နေထိုင်နိုင်ရေးအတွက် လိုအပ်ချက်ဖြစ်သည့် ရေ၊ လေ၊ အစားအစာတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုသို့ အဖိုးတန်သောကမ္ဘာမြေကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုနှင့်ပတ်ဝန်းကျင်ကို ထိခိုက်စေပြီး ကမ္ဘာမြေ၏ရှင်သန်မှုကို ခြိမ်းခြောက်နေသော အခြားသောအခြေအနေများကို အသိပညာပေးရန်ရည်ရွယ်၍ ကမ္ဘာမြေနေ့ကို ၁၉၇၀ ပြည့်နှစ် ဧပြီ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ၌ စတင်ကျင်းပခဲ့သည်။ ကမ္ဘာမြေနေ့တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အထောက်အပံ့ဖြစ်စေမည့် သရုပ်ပြပွဲများဖြင့် ကျင်းပလေ့ရှိသည်။

လူသားများရှင်သန်ရပ်တည်နိုင်ရေးအတွက် ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ရန် လိုအပ်သည်။ ကမ္ဘာတစ်ဝန်းတွင် လက်ရှိကြုံတွေ့နေရသောဖြစ်စဉ်များကို လေ့လာကြည့်ပါက သစ်တောများ စည်းကမ်းမဲ့ခုတ်ထွင်ရှင်းလင်းခြင်း၊ တောရိုင်းတိရစ္ဆာန်များနေထိုင်ရာဒေသများ ချဲ့ထွင်ခြင်း၊ မြို့ပြနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စိုက်ပျိုးမြေများအလွန်အကျွံချဲ့ထွင်ခြင်း၊ ရေနေသတ္တဝါများ အလွန်အကျွံဖမ်းဆီးခြင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုများပြားသော စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရုပ်ကြွင်းလောင်စာအခြေခံသည့် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ခြင်းစသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်တစ်နေ့ထက်တစ်နေ့ ပျက်စီးလာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးပျောက်ကွယ်မှုများနှင့် ရေ၊ လေ၊ မြေထုညစ်ညမ်းမှုများဖြစ်ပေါ်လာသည်။ ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများနှင့် နောက်ဆက်တွဲဆိုးကျိုးများသည် ကမ္ဘာမြေ၏အနှံ့အပြားတွင် သက်ရောက်လျက်ရှိပြီး ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး၊ ကမ္ဘာ့နိုင်ငံများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းကြရမည်ဖြစ်ပေသည်။

ကမ္ဘာမြေကိုထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သဘာဝအရင်းအမြစ်များကိုလည်း ချွေတာ၍ အကျိုးရှိအောင် သုံးစွဲကြရမည်ဖြစ်သည်။ သဘာဝအရင်းအမြစ်များကို ချွေတာခြင်းသည် လူတို့၏နေ့စဉ်ဘဝတွင် လွယ်ကူစွာလုပ်ဆောင်နိုင်သော အလေ့အကျင့်များဖြင့်စတင်နိုင်သည်။ လူတစ်ဦးချင်းစီတိုင်း ပါဝင်မှုသည် ရေရှည်တွင် ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်စေသည်။ နေ့အချိန်တွင် သဘာဝအလင်းရောင်ကို အသုံးချခြင်း၊ မလိုအပ်သောလျှပ်စစ်မီးခလုတ်များကို ပိတ်ထားခြင်း၊ အော်ဂဲနစ်စိုက်ပျိုးနည်းများအသုံးပြုခြင်း၊ သစ်ဆွေးမြေဩဇာများကိုအသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း၊ ပလတ်စတစ်အစား ဖန်ထည်၊ သစ်သားဖြင့်ပြုလုပ်သည့်ပစ္စည်းများအသုံးပြုခြင်းများဖြင့် ကမ္ဘာမြေကို ထိန်းသိမ်းသင့်သည်။

သို့ဖြစ်ရာ ကမ္ဘာမြေကြီးသည် လူသားအပါအဝင် သက်ရှိအားလုံးအတွက် မှီတင်းနေထိုင်ရာ အရေးကြီးသော တစ်ခုတည်းသောသဘာဝလက်ဆောင်ဖြစ်သောကြောင့် မည်သည့်အခြေအနေ၊ မည်သည့်အချိန်ဖြစ်စေ တန်ဖိုးထားရမည့်အရာဖြစ်သည်။ ထို့ကြောင့် ရေထု၊ လေထုတို့ဖြင့် ဖွဲ့စည်းထားသော ကမ္ဘာမြေကြီးသည် တန်ဖိုးဖြတ်၍မရသောကြောင့် လူသားတိုင်းအထူးဂရုပြုထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တီလားဗီးယားငါး ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဝါးခယ်မ ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်း တီလားဗီးယားငါး ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက တီလားဗီးယားငါး ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တီလားဗီးယားငါး ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒီဘက်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ တီလားဗီးယားငါးတွေ ဝယ်ယူမှုအားကောင်းနေတာကြောင့် ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ တီလားဗီးယားငါးတွေ တော်တော်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အဆင်ပြေနေပါတယ်။ အခုလို ဝယ်ယူမှုအားကောင်းလာတာကြောင့် ငါးမွေးမြူသူတွေက အကောင်ရေ ထပ်တိုးမွေးမြူလာတာ တွေ့ရပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် မွေးမြူသည့် တီလားဗီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများ ထွက်ရှိကြောင်း၊ အဆိုပါတီလားဗီးယားငါးသည် နှစ်လ သို့မဟုတ် သုံးလခန့် မွေးမြူရကြောင်း၊ ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောကုလားပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ယင်းမာပင် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၉၁၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၅၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲ ၁၃၉၁၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ အခုလက်ရှိ အချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာရှိပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေရရှိဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ကုလားပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၅၅၆၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၃၆၂၀၊ ဆားလင်းကြီးမြို့နယ်တွင် ၄၂၅၀၅ ဧက၊ ပုလဲမြို့နယ်တွင် ၅၇၅၀၆ ဧက စုစုပေါင်း ၁၃၉၁၉၂ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ဘုန်းတလုတ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဘုန်းတလုတ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၁ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၆ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၂၂ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေဖြူမြို့နယ် မြောက်ပုကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

ရေဖြူ ဇွန် ၂၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မြောက်ပုကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ဇွန် ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဦးအောင်နှင့် တာဝန်ရှိသူများက မြောက်ပုကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ သောက်သုံးရေဖူလုံစွာ ရရှိနိုင်ရေး စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ရေအရင်းအမြစ်ရရှိနိုင်မှု အခြေအနေများ၊ ရေသွယ်ယူမည့်လမ်းကြောင်းနှင့် ကျေးရွာ၏ လက်ရှိရေသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ငါးမိုင်ရှိ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် ၁၄၅ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်၍ နွေရာသီကာလများတွင် ရေရှားပါးသည့်အခက်အခဲများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ကျောက်ဆည်မြို့ ရွာပုလဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရက ဆေးပဒေသာပင်အလှူ ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဘိုကလေး ဇွန် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဆန်ကွဲ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအား ကောင်းလျက်ရှိကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကတင်ပို့ရောင်းချပါတယ်။ ဘိုကလေးမြို့နယ်ကနေ ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာ များပါတယ်။ ဘိုကလေးမြို့နယ်က ထွက်ရှိတဲ့ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်က မတ်လပထမပတ်မှစပြီး ဝယ်ယူမှုများပြားခဲ့ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ ကုန်သည်တွေအဆင်ပြေပါတယ်''ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့မှုများပြားကာ အရောင်းအဝယ် ကောင်းမွန်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များ၊ ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မြဝတီ ဇွန် ၂၁

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပူလွဲပူကျေးရွာအုပ်စု ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဇွန် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးကျော်သူရနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိမရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရေရှည်အောင်မြင်စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျောက်စက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ကလေး ဇွန် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၅၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ စတုတ္ထပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်း ၁၅၀၂ ဧကနှင့် ဖူးစားပြောင်း ၈၀၈၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အစေ့ထုတ်ပြောင်း တစ်ဧကလျှင် ၆၁ ဒသမ ၀၉ တင်းနှင့် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၂၁၀၀၀ ကျော် ထွက်ရှိကြောင်း၊ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၉၅၈၈ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းထံမှ သိရသည်။ (၂၀၆)



# တစ်ကျော့ပြန်ငလျင်

**ပါမောက္ခကိုကိုအောင်**



ငလျင်ကြီး၊ငယ်ဒဏ်တို့ကြောင့် အကြိမ်ကြိမ်ပြန်လည်တည်ထားခဲ့ရသော ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ကြီးကို ဖူးတွေ့ရစဉ်။

ကမ္ဘာ့ကျောက်ချပ်လွှာကြီးများပေါ်၌ ကမ္ဘာ့တိုက်ကြီးများက တည်ရှိနေကြရသည့်အားလျော်စွာ အဆိုပါ ကျောက်ချပ်လွှာကြီးများ၏ သဘာဝအလျောက် တည်နေပုံများအရ ကမ္ဘာပေါ်ရှိ နိုင်ငံများထဲတွင် ငလျင်အန္တရာယ်အလွန်ကြီးမားသည့် နိုင်ငံများ၊ ငလျင်အန္တရာယ် အလယ်အလတ်ရှိသည့် နိုင်ငံများနှင့် ငလျင်အန္တရာယ် အလွန်နည်းပါးသော နိုင်ငံများဟူ၍ အန္တရာယ်ဇုန်များအလိုက် ကွဲပြားခြားနားလျက် ရှိနေကြသည်။ ဂျပန်၊ အင်ဒိုနီးရှား၊ အီရန်၊ အီကွေဒေါ၊ ချီလီနှင့် နီပေါစသောနိုင်ငံတို့သည် ငလျင်အန္တရာယ် အကြီးမားဆုံးရှိနေသည့် နိုင်ငံများဖြစ်ကြပြီး အိုင်ယာလန်၊ အာဂျင်တီးနား၊ မော်လ်တာ၊ ကာတာနှင့်ဆော်ဒီအာရေးဗီးယားစသောနိုင်ငံများက ငလျင်အန္တရာယ် အလွန်နည်းပါးသော နိုင်ငံများ ဖြစ်ကြသည်။

လွန်ခဲ့သော နှစ်ပေါင်းသောင်းချီကာလကအထိ မြန်မာ၊ တရုတ်နှင့် အိန္ဒိယတို့ပါဝင်သော အာရှတိုက်၏ တောင်ဘက်ဒေသများသည် ငလျင်အန္တရာယ် အလွန်နည်းပါးခဲ့ကြသော်လည်း၊ ကျောက်ချပ်လွှာကြီးများ၏ ရွေ့လျားတွန်းတိုက်မှုကြောင့် ဟိမဝန္တာတောင်တန်း၏ အရှေ့ဘက်စွန်း၌ ပြတ်ရွေ့ကို အခြေပြုသည့် တောင်အများအပြား ဖြစ်ပေါ်လာခဲ့ချိန်မှစ၍ ဘူမိသွင်ပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာကာ ငလျင်အန္တရာယ်ကို သတိပြုကြရမည့် ဒေသများဖြစ်လာခဲ့ကြသည်။

ကမ္ဘာပေါ်၌ အင်အားပြင်းငလျင်များ လှုပ်ခတ်ခဲ့ဖူးသည့် ဒေသများသည် တစ်ကျော့ပြန်ငလျင်၏ အန္တရာယ်ကို သတိပြုကြရမည့်ဒေသများ ဖြစ်ကြသည်။ အဆိုပါဒေသများသည် သက်ဆိုင်ရာနိုင်ငံများ၏ ငလျင်ဇုန်ရပ်ဝန်းများထဲ၌ ပါဝင်လာခဲ့ကြပြီး၊ ထိုကဲ့သို့သော ငလျင်ဇုန်ရပ်ဝန်းများကလည်း တဖြည်းဖြည်းတိုးပွား များပြားလာခဲ့သည်။ ကမ္ဘာ့ငလျင်မှတ်တမ်းများထဲ၌ အကြိမ်ကြိမ်လှုပ်ခတ်ခဲ့ကြသည့် တစ်ကျော့ပြန်ငလျင်များက အများအပြား ပါဝင်နေခဲ့ကြသည့်နည်းတူ၊ မြန်မာ့ငလျင်မှတ်တမ်းများထဲ၌လည်း တစ်ကျော့ပြန် ငလျင်များက အထိုက်အလျောက် ပါဝင်နေခဲ့ကြသည်။

အိန္ဒိယကျောက်ချပ်လွှာ (Indian Plate) က မြန်မာ့ကျောက်ချပ်လွှာ (Burma Microplate) ဘက်သို့ အရှေ့မြောက်လားရာအတိုင်း ရွေ့လျားလာပြီးနောက် အောက်သို့ငုပ်လျှိုးသွားခဲ့မှုကြောင့် ပြတ်ရွေ့ကြောင်းကြီးငယ်များ ပေါ်ပေါက်လာခဲ့သည်။ ထို့အတူ ကပ္ပလီပင်လယ် (Andaman Sea) မှ အစပြုသည့် မြန်မာ့ကျောက်ချပ်လွှာငယ်ကလည်း မြောက်ဘက်သို့ ရွေ့လျားနေမှုကြောင့် စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အရှေ့ဘက်စွန်းနေရာများ၌ မြေငလျင်များကို ဖြစ်ပေါ်စေခဲ့သည်။ ထိုကဲ့သို့သော ဘူမိဆိုင်ရာ သဘာဝဖြစ်စဉ်များကြောင့် ပဲခူးတိုင်းဒေသကြီး၏ အရှေ့ဘက်ခြမ်းနေရာများ၊ မန္တလေးတိုင်းဒေသကြီး၏ အရှေ့ဘက်ခြမ်းနေရာများ၊ စစ်ကိုင်းတိုင်းဒေသကြီး၏ မြောက်ဘက်ခြမ်းနေရာများသည် ငလျင်ဘေးဒဏ်ကို အခံရနိုင်ဆုံးသောဒေသများ ဖြစ်လာခဲ့ကြသည်။

ကပ္ပလီပင်လယ်မှအစပြုသော စစ်ကိုင်းပြတ်ရွေ့ကြောင်းသည် ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ သက္ကလ၊ ဖလေး၊ အုန်နွဲ၊ သနပ်ပင်၊ ပဲခူး၊ ဘုရားကြီး၊ ဝမ်းဘဲအင်း၊ ဖြူး၊ တောင်ငူ၊ ဆွာ၊ နေပြည်တော်၊ ပျဉ်းမနား၊ သာစည်၊ ဝမ်းတွင်း၊ သဲတော၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုနှင့်ကောလင်း စသောမြို့ရွာများကို ဖြတ်သန်း တည်ရှိနေပြီး အဆိုပါပြတ်ရွေ့ကြောင်းကြီးဖြတ်သန်းရာတစ်လျှောက်တွင် တောင်ကုန်းငယ်များက အများအပြား ဖြစ်ပေါ်တည်ရှိနေကြသည်။ ထိုကဲ့သို့သော ပြတ်ရွေ့ကြောင်းကိုအခြေပြု၍ ဖြစ်ပေါ်လာခဲ့သည့် တောင်ကုန်းငယ်များပေါ်၌ ဘုရား၊ စေတီများကို တည်ထားလျက်ရှိနေကြသည်ကို တွေ့မြင်နိုင်သည်။

စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးကြောင့် မြန်မာနိုင်ငံအထက်ပိုင်း မြို့ငယ်များဖြစ်ကြသည့် တကောင်း၊ သပိတ်ကျင်း၊ ပူတာအို၊ ဟုမ္မလင်းနှင့် ကလေးဝ စသောမြို့များသည်လည်း ငလျင်အန္တရာယ်ကို သတိပြုကြရမည့်ဒေသများ ဖြစ်လာခဲ့ကြသည်။ ကပ္ပလီပင်လယ်မှအစပြုသော စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီးသည် ကချင်ပြည်နယ်အထိတိုင် ရောက်ရှိသွားပြီး ကချင်ပြည်နယ်၌ ပြတ်ရွေ့ကြောင်းငယ်သုံးခုအဖြစ် ဖြာထွက်ကာ အဆုံးသတ်သွားခဲ့သည်။

စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အပေါ်တည့်တည့်၌ တည်ရှိနေသည့် သာသနိကအဆောက်အအုံများအနက် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်သည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာကပါသိသော ကမ္ဘာ့အမြင့်ဆုံးစေတီတော်ဖြစ်သည်။ သာသနာမှတ်တမ်းများအရ သထုံမင်း စူဠသိရိမာသောက ဘုရင်က သာသနာသက္ကရာဇ် ၂၃၇ ခုနှစ်က ဂေါတမဘုရားရှင်၏ သွားတော်ကိုဌာပနာပြီး တည်ထားခဲ့သော ရွှေမော်ဓောစေတီသည် မျက်မှောက်ကာလထိ တစ်ကျော့ပြန် ငလျင်တို့၏ဒဏ်ကြောင့် ၃၂ ကြိမ် တိုင်တိုင် ပြိုကျ

> ❖ **စစ်ကိုင်းပြတ်ရွေ့ကြောင်းကြီး၏ အပေါ်တည့်တည့်၌ တည်ရှိနေသည့် သာသနိကအဆောက်အအုံများအနက် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်သည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာကပါသိသော ကမ္ဘာ့အမြင့်ဆုံးစေတီတော်ဖြစ်သည်။ သာသနာမှတ်တမ်းများအရ သထုံမင်း စူဠသိရိမာသောကဘုရင်က သာသနာသက္ကရာဇ် ၂၃၇ ခုနှစ်က ဂေါတမဘုရားရှင်၏ သွားတော်ကိုဌာပနာပြီး တည်ထားခဲ့သော ရွှေမော်ဓောစေတီသည် မျက်မှောက်ကာလထိ တစ်ကျော့ပြန်ငလျင်တို့၏ဒဏ်ကြောင့် ၃၂ ကြိမ်တိုင်တိုင် ပြိုကျခဲ့ရပြီးဖြစ်သည်။** ❖

ခဲ့ရပြီးဖြစ်သည်။ လက်ရှိအချိန်တွင် ဖူးမြော်နေကြရသည့် ရွှေမော်ဓောစေတီတော်မြတ်ကို ၃၃ ကြိမ်မြောက်အဖြစ် ပြန်လည်တည်ထားခဲ့ကြရာ၌ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်က နိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်က ပန္နက်ချပေးခဲ့ပြီးနောက် မြန်မာသက္ကရာဇ် ၁၃၁၅ ခုနှစ် နယုန်လဆန်း ၁၂ ရက်က နိုင်ငံတော်သမ္မတကြီး ဒေါက်တာ ဦးဘဦးက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ခဲ့သည်။ ထိုကဲ့သို့ ၃၃ ကြိမ်မြောက်အဖြစ် အသစ်ပြန်လည်တည်ထားခဲ့သည့် ဉာဏ်တော် ၃၇၃ ပေနှင့် ၉ လက်မမြင့်သော ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်သည် မြန်မာ့လွတ်လပ်ရေးခေတ်ဦးကာလက ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံးသော စေတီတော်ဖြစ်ခဲ့သည်။

ကမ္ဘာပေါ်ရှိ ပြတ်ရွေ့ကြောင်း ကြီး၊ ငယ် အသွယ်သွယ်တို့ကြောင့် တစ်ကျော့ပြန် လှုပ်ခတ်ခဲ့ကြသော ငလျင်တို့၏ သဘာဝသဘာဝ ပြယုဂ်ကြီးအဖြစ် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်ကို အကြိမ်ကြိမ် ပြန်လည်တည်ဆောက်ခဲ့ရမှုသမိုင်းက သက်သေခံလျက် ရှိနေသည်။ သာသနာသက္ကရာဇ်များ ဖြစ်ကြသော ၃၄၇၊ ၄၅၄၊ ၅၃၂၊ ၅၆၆၊ ၆၀၈၊ ၆၉၇၊ ၇၇၅၊ ၈၄၃၊ ၉၃၁၊ ၁၀၀၄၊ ၁၀၇၁၊ ၁၁၅၉၊ ၁၁၉၆၊ ၁၂၈၀၊ ၁၃၅၇၊ ၁၄၁၉၊ ၁၅၃၀၊ ၁၆၀၃၊ ၁၇၀၅၊ ၁၈၁၃၊ ၁၈၃၀၊ ၁၈၉၂၊ မြန်မာသက္ကရာဇ်များဖြစ်ကြသော ၇၅၈၊ ၈၁၉၊ ၉၂၆၊ ၉၃၂၊ ၉၄၄၊ ၁၀၀၆၊ ၁၁၃၀၊ ၁၂၇၄၊ ၁၂၇၉၊ ၁၂၉၂ များက လှုပ်ခတ်ခဲ့သော တစ်ကျော့ပြန် ပဲခူးငလျင် ကြီးငယ်တို့ကြောင့် အကြိမ်ကြိမ် ပြန်လည်တည်ထားခဲ့ရသော ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်သည် ၃၃ ကြိမ်မြောက်အဖြစ် ပြန်လည်တည်ထားပြီးစီးခဲ့သည့် အချိန်တွင် ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံးသော စေတီတော်မြတ် ဖြစ်လာခဲ့သည်။

ကမ္ဘာတစ်ဝန်းလုံး၌လည်း တစ်ကျော့ပြန်ငလျင်ကြီးများ လှုပ်ခတ်ခဲ့ကြသည့် ဖြစ်စဉ်အများအပြား ရှိခဲ့သည်။ သမ္မတနန်းတော်ကြီးပါ ပြိုကျသွားခဲ့သည့်အတွက် အုပ်ချုပ်ရေးယန္တရားကို တုံ့ဆိုင်းသွားစေခဲ့သော ဟေတီငလျင်ကြီးသည် လည်းကောင်း၊ မြို့တော်တိုကျိုနှင့် ယိုကိုဟားမားဆိပ်ကမ်းမြို့များကို ဆိုးဆိုးရွားရွား ပျက်စီးစေခဲ့သော ဂျပန်ငလျင်ကြီးသည်လည်းကောင်း၊ ကမ်းလွန်ပင်လယ်ပြင်၌ အင်အားပြင်းထန်စွာဖြင့် လှုပ်ခတ်ခဲ့သော အီကွေဒေါငလျင်ကြီးသည် လည်းကောင်း၊ ဆူနာမီလှိုင်းတံပိုးကြီးများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်စေခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားဒေသ၌လှုပ်ခတ်ခဲ့သော ငလျင်ကြီးသည်လည်းကောင်း ကမ္ဘာသိထင်ရှားသော တစ်ကျော့ပြန်ငလျင်ကြီးများပင်ဖြစ်ကြပေသည်။


**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အင်းတော်မြို့နယ်တွင် စားတော်ပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၅ ဒသမ ၇ တင်းထွက်ရှိခဲ့



**အင်းတော် မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၇ တင်းထွက်ရှိခဲ့ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ဧက ၁၇၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၇ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"အင်းတော်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက စားတော်ပဲ ဧက ၁၇၂၀ ထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စားတော်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိတာကြောင့် စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေကြပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် စားတော်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စားတော်ပဲသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စားတော်ပဲကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## မိုင်းတုံမြို့နယ် မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းတုံ မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲကင်ကျေးရွာအုပ်စု မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ရှိသူများက မဲကင်ကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုဝင်ငွေများ ပိုမိုတိုးပွားလာစေရန် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၂၄ ဦးကို ၁၁ ကြိမ်မြောက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၆၀ ထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။ **မောင်ခိုင်**

## မေတ္တာခြုံ နှလုံးလှနှင့်

\- မေတ္တာကို မေတ္တာချင်း
တုံ့လှယ်ရင်း ဖြန့်နှင်းစေ၊
ဘဝတာ ဘေးမသန်း
အေးချမ်းမည်ပေ၊
ဘဝတစ်ကွေ့ ဆုံခိုက်လေ
ကြောင်းကျိုးဖွေ တူမျှရင်း၊
ခက်ခဲဟူ ကြုံလာနှောင့်
လမ်းဖြောင့်ဘေးကင်း။

\- မေတ္တာကို မေတ္တာချင်း
ကိန်းမွေ့ရင်း ထွေးပွေ့အစဉ်၊
ပေးယူညီ ရောင်ပြန်မျှတော့
ပြည့်ဝကာပင်၊
ကောင်းစိတ်ရှု ကောင်းကျိုးယှဉ်
ကောင်းဂုဏ်အင် ခြုံဟပ်လွှမ်း၊
ယိုင်နဲ့ကြုံ ဆိုးရိပ်နှောင့်ငြား
လွတ်မြောက်ငြိမ်းချမ်း။

\- မေတ္တာမှန် ကိုယ်စီမြန်းတော့
သွားလမ်းရော ပြန်လမ်းသာ၊
ကောင်းစေတနာ အားဖြည့်လောင်း
ကောင်းခြင်းဝေဖြာ၊
ကရုဏာနဲ့ မုဒိတာ
ဥပေက္ခာနဲ့ သဒ္ဓါနှင်း၊
ဗြဟ္မစိုရ်တရား
ကျင့်ပွားကာ စဉ်မွေ့အောင်းလို့
ဘေးဘယာကွာ ဂုဏ်ပေါင်းတင့်စေဖို့
မြင့်မြတ်သူ လူသားဘဝ
အရတော် နေခွင့်ခဏမှာ
မေတ္တာခြုံ နှလုံးလှနဲ့
လှမ်းကြစေမင်း။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

# နိုင်ငံတကာ သတင်းများ

## ရိုမန်ကတ်သလစ်ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကွယ်လွန်

**ဗာတီကန်စီးတီး ဧပြီ ၂၁**

ရိုမန်ကတ်သလစ် ခရစ်ယာန် သာသနာပိုင် ဖရန်စစ်သည် ယနေ့တွင် ကွယ်လွန်ခဲ့ပြီဖြစ်ပြီး ကွယ်လွန်ချိန်တွင် သက်တော် ၈၈ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အနေဖြင့် ဗာတီကန်စီးတီးမြို့တော်ရှိ ၎င်း၏အိမ်တော်၌ ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း ဗာတီကန်နန်းတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အဆုတ်ရောင်ရောဂါကြောင့် ဆေးရုံတက်ခဲ့ပြီး နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အများမြင်ကွင်း၌ ပေါ်ထွက်လာပြီး တစ်ရက်အကြာမှာပင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားနိုင်ငံ ဗျူနို့အေးရိစ်မြို့တော်၌ ၁၉၃၆ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ဂျော်ဂျီ မာရီယိုဘာဂိုဂလီယိုအဖြစ် မွေးဖွားလာသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံခဲ့ရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ပထမဆုံး လက်တင်အာဖရိကန္ဒယ်ဖွား ပုပ်ရဟန်းမင်းကြီးဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အဆုတ်ရောင်ရောဂါဖြင့် ဆေးရုံ၌ ၃၈ ရက်ကြာ ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် မတ် ၂၃ ရက်တွင် ဆေးရုံမှ ပြန်ဆင်းခဲ့ရသူဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်ခဲ့ပြီးနောက် ပုပ်ရဟန်းမင်းကြီးသစ်ကို သာသနာပိုင် ရွေးချယ်ရေးဂိုဏ်းအုပ်ဘုန်းတော်ကြီးအဖွဲ့က ရွေးချယ်ရမည်ဖြစ်ကြောင်း သိရသည်။Ref : Xinhua

Trs : KKO

## အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီ တရုတ်နိုင်ငံသို့ သွားရောက်မည်



**တီဟီရန် ဧပြီ ၂၁**

အီရန်နိုင်ငံခြားရေး ဝန်ကြီး အာရက်ချီသည် ယနေ့တွင်တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နှင့် အီရန်တို့ကြား တတိယအကြိမ်မြောက် နျူကလီးယားဆွေးနွေးပွဲများ မကျင်းပမီ တရုတ်နိုင်ငံသို့ သွားရောက်ရန် အီရန်နိုင်ငံခြားရေးဝန်ကြီးက စီစဉ်ထားခြင်းဖြစ်သည်။

နျူကလီးယား ပြဿနာနှင့် ပတ်သက်၍ အီရန်နိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် စဉ်ဆက်မပြတ် ဆွေးနွေးတိုင်ပင်နေမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာရက်ချီက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပြောကြားထားသည်။

အီရန်နျူကလီးယားပြဿနာနှင့်ပတ်သက်၍ အီရန်-အမေရိကန် တိုက်ရိုက်ဆွေးနွေးပွဲ ဖြစ်ပေါ်တိုးတက်မှုများကို မိမိတို့အနေဖြင့် တရုတ်နိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အီရန်နှင့် အမေရိကန်နိုင်ငံတို့သည် ၎င်းတို့၏ တတိယမြောက် နျူကလီးယားပြဿနာနှင့် တိုက်ရိုက်ဆွေးနွေးပွဲကို အိုမန်နိုင်ငံ၌ ဧပြီ ၂၆ ရက်တွင် ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ရုရှားနှင့် ယူကရိန်းတို့ အကျဉ်းသားချင်းအပြန်အလှန် ဖလှယ်မှုပြုလုပ်




**မော်စကို ဧပြီ ၂၁**

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံ၏ ကြားဝင်စေ့စပ်မှုဖြင့် ဧပြီ ၁၉ ရက်တွင် အကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအကျဉ်းသားချင်းအပြန်အလှန်ဖလှယ်မှုအတွင်း နှစ်ဖက်အကျဉ်းသားဦးရေ ၅၀၀ ကျော် ပြန်လည်လွတ်မြောက်ခဲ့သည်။

ဧပြီ ၁၉ ရက် အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုတွင် ယူကရိန်းတပ်များ ဖမ်းဆီးထားသည့် ရုရှားအကျဉ်းသား ၂၄၆ ဦး ပြန်လည်လွတ်မြောက်လာကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အကျဉ်းသားချင်းဖလှယ်မှုအစီအစဉ်အရ ပြန်လည်လွတ်မြောက်လာသော ရုရှားတပ်ဖွဲ့ဝင်များမှာ ဘီလာရုစ်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင်အဆိုပါအကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုတွင် ယူကရိန်းတပ်ဖွဲ့ဝင် ၂၇၇ ဦးမှာလည်း ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ယူကရိန်းစစ်ပွဲစတင်ခဲ့သည့် ၂၀၂၂ ခုနှစ်နောက်ပိုင်း အကျဉ်းသားချင်း အပြန်အလှန်ဖလှယ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ Ref : RT

Trs : KKO

## ပါကစ္စတန်ရှိ ကေအက်ဖ်စီစားသောက်ဆိုင်များတိုက်ခိုက်ခံရမှု လူဦးရေ ၁၆၀ ခန့် ဖမ်းဆီးခံရ

**အစ္စလာမ္မာဘတ် ဧပြီ ၂၁**

ကမ္ဘာကျော် ကေအက်ဖ်စီ စားသောက်ဆိုင်များ အုပ်စုဖွဲ့တိုက်ခိုက်ခံရပြီးနောက် ပါကစ္စတန် တာဝန်ရှိသူများက လူဦးရေ ၁၆၀ ခန့်ကို ဖမ်းဆီးထားကြောင်း ဧပြီ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

အစ္စရေးနှင့် ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲစတင်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အမေရိကန်နိုင်ငံအခြေစိုက် ကေအက်ဖ်စီကုမ္ပဏီက ပါကစ္စတန်နိုင်ငံ၌ ဖွင့်လှစ်ထားသည့် ကေအက်ဖ်စီစားသောက်ဆိုင်များသည် အစ္စလာမ္မစ်နိုင်ငံရေးပါတီများ၏ သပိတ်မှောက်ဆန့်ကျင်မှုများကို စတင်ရင်ဆိုင်ခဲ့ရသည်။




ကေအက်ဖ်စီ ကုမ္ပဏီသည် အစ္စရေးနိုင်ငံကို ထောက်ခံအားပေးနေသော အမေရိကန်ကုမ္ပဏီဖြစ်ကြောင်း ပါကစ္စတန် အစ္စလာမ္မစ် နိုင်ငံရေးပါတီများက စွပ်စွဲထားသည်။

ယခုလအတွင်း ပါကစ္စတန်နိုင်ငံတစ်ဝန်းရှိ ကေအက်ဖ်စီစားသောက်ဆိုင်များ လူအုပ်ဖြင့် တိုက်ခိုက်ခံရမှုပေါင်း အကြိမ် ၂၀ ထိရှိခဲ့ပြီး ဆိုင်ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက ဧပြီ ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အလားတူ ကေအက်ဖ်စီ စားသောက်ဆိုင်များ တိုက်ခိုက်ခံရမှုအတွက် ရဲတပ်ဖွဲ့က လူဦးရေ ၁၆၀ ခန့်ထိန်းသိမ်းထားကြောင်း ပါကစ္စတန် ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံတွင်းရှိ ကေအက်ဖ်စီ စားသောက်ဆိုင်များ တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ကေအက်ဖ်စီကုမ္ပဏီ တာဝန်ရှိသူများက တစ်စုံတစ်ရာပြန်လည်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နိုင်ငံက နျူလက်နက်မဟုတ်သည့် ဟိုက်ထရိုဂျင်ဗုံးတစ်မျိုး စမ်းသပ်ဖောက်ခွဲ

**ပေကျင်း ဧပြီ ၂၁**

တရုတ်နိုင်ငံသည် နျူကလီးယား လက်နက်အမျိုးအစား မဟုတ်သည့် ဟိုက်ထရိုဂျင်အခြေခံ ဗုံးလက်နက်တစ်မျိုးကို အောင်မြင်စွာ ဖောက်ခွဲစမ်းသပ်ခဲ့ကြောင်း ဧပြီ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

တရုတ်သုတေသနပညာရှင်များ စမ်းသပ်ဖောက်ခွဲခဲ့သော ဟိုက်ထရိုဂျင်ဗုံးသည် မည်သည့် နျူကလီးယား ကုန်ကြမ်းကိုမျှ မသုံးဘဲ ဓာတုတုံ့ပြန်မှုကွင်းဆက်ကို ဖန်တီးပေးနိုင်ခဲ့သည်။

တရုတ်သိပ္ပံပညာရှင်များက အဆိုပါ ဟိုက်ထရိုဂျင်ဗုံးကို ဖောက်ခွဲခဲ့ချိန်တွင် အပူချိန် ၁၀၀၀



ဒီဂရီဆဲလ်စီးယပ်စ် (၁၈၃၂ ဒီဂရီ စင်တီဂရိတ်) အထိရှိသော မီးလုံးကြီးကို စက္ကန့်အနည်းငယ်ကြာ ထုတ်လွှတ်ခဲ့ကြောင်း သိရသည်။

အလေးချိန် နှစ်ကီလိုဂရမ်သာ ရှိသည့် အဆိုပါဟိုက်ထရိုဂျင်ဗုံးကို တရုတ်အစိုးရ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း ကော်ပိုရေးရှင်းမှ သိပ္ပံပညာရှင်များက တည်ဆောက်ထားခြင်းဖြစ်သည်။

တရုတ်အစိုးရ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း ကော်ပိုရေးရှင်းသည် တရုတ်စစ်ဘက်အတွက် ပင်လယ်ရေအောက် လက်နက်စနစ်များ တည်ဆောက်ပေးနေသောကော်ပိုရေးရှင်းလည်း ဖြစ်သည်။

တရုတ်သိပ္ပံပညာရှင်များ၏ ဟိုက်ထရိုဂျင်ဗုံး ပေါက်ကွဲချိန် ထွက်ပေါ်လာသည့် အပူချိန်သည် အလူမီနီယံ သတ္တုစပ်များကို အရည်ပျော်စေနိုင်သည့် အပူချိန်မျိုး ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်က သက်ရှိများရှင်သန်နိုင်သောဂြိုဟ်တစ်စင်းဖြစ်ခဲ့မှုကို ပြသနိုင်သည့် အထောက်အထားများကို သိပ္ပံပညာရှင်များ တွေ့ရှိထား







**ဝါရှင်တန် မေ ၂၁**

အင်္ဂါဂြိုဟ်သည် အတိတ်တစ်ချိန်က သက်ရှိများရှင်သန်နိုင်သော ဂြိုဟ်တစ်စင်းဖြစ်ခဲ့မှုကို ပြသနိုင်သည့် အထောက်အထားများကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြောင်း မေ ၂၀ ရက်သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ် ကျောက်သားများထဲတွင် ကာဗွန်အကြွင်းအကျန်များ တည်ရှိနေမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ် အကူအညီဖြင့် အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

အထက်ပါ ကာဗွန်အကြွင်းအကျန်များသည် တစ်ချိန်သော အခါကအင်္ဂါဂြိုဟ်ပေါ်၌ ကာဗွန်သံသရာလည်ပတ်မှုရှိခဲ့ဖူးသည်ကို ပြသနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အဆိုပါ ကာဗွန်သံသရာ လည်ပတ်မှုကြောင့် အင်္ဂါဂြိုဟ်သည် သက်ရှိများရှင်သန်ပေါက်ပွားနိုင်လောက်အောင် နွေးထွေးသည့်ဂြိုဟ်တစ်စင်းဖြစ်ခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က တူးဖော်လေ့လာခဲ့သော နေရာသုံးနေရာမှ ရရှိသောအချက်အလက်များအရ အမေရိကန်သိပ္ပံပညာရှင်များက Siderite ခေါ် ကာဗွန်တွင်းထွက် တစ်မျိုး၏ အကြွင်းအကျန်များ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ် တူးဖော်လေ့လာခဲ့သော အထက်ပါနေရာများမှာ ဂေးလ်ဥက္ကာချိုင့်ဝှမ်းနယ်မြေ၌တည်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရုရှားနိုင်ငံ၏ ဆိုယုဇ်အာကာသလူသယ်ယာဉ် မေ ၂၀ ရက်တွင် ကာဇက်စတန်နိုင်ငံ မြက်ခင်းဒေသပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့

**မော်စကို မေ ၂၁**

ရုရှား အာကာသယာဉ်မှူးနှစ်ဦးနှင့် အမေရိကန်အာကာသယာဉ်မှူး တစ်ဦးတို့ပြန်လည်လိုက်ပါလာသည့် ရုရှားနိုင်ငံ၏ ဆိုယုဇ် အာကာသလူသယ်ယာဉ်သည် မေ ၂၀ ရက်တွင် ကာဇက်စတန်နိုင်ငံ မြက်ခင်းဒေသပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဆိုယုဇ် အာကာသလူသယ်ယာဉ်သည် မေ ၂၀ ရက်တွင် လေထီးများအကူအညီဖြင့် ဇီကက်ဇ်ဂန်မြို့အနီး မြက်ခင်းဒေသပေါ်သို့ ဘေးကင်းလုံခြုံစွာ ဆင်းသက်နိုင်ခဲ့သည်ဟု ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဆိုယုဇ် အာကာသလူသယ်ယာဉ်ဖြင့် ပြန်လည်လိုက်ပါလာသော အာကာသယာဉ်မှူး သုံးဦးသည် နိုင်ငံတကာအာကာသစခန်းပေါ်၌ ရက်ပေါင်း ၂၂၀ ကြာ နေထိုင်ခဲ့ပြီး ကမ္ဘာဂြိုဟ်ကို အကြိမ်ပေါင်း ၃၅၂၀ ထိ လှည့်ပတ်ခဲ့သည်။



အဆိုပါ အာကာသယာဉ်မှူးသုံးဦးအနက်အမေရိကန်အာကာသယာဉ်မှူး ဒွန်ပက်တစ်မှာ မေ ၂၀ ရက်တွင် အသက် ၇၀ ပြည့်ခဲ့ရာ အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အသက်အကြီးဆုံး အာကာသယာဉ်မှူးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဒွန်ပက်တစ်သည် ၎င်း၏ ၈၉ နှစ်ကြာ အာကာသယာဉ်မှူးသက်တမ်းတစ်လျှောက် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ၁၈ လကျော်ကြာ နေထိုင်ခဲ့သည်။

ရုရှားနှင့် အမေရိကန်အာကာသယာဉ်မှူးများ လိုက်ပါလာသည့် ဆိုယုဇ် အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှခွာထွက်ခဲ့ပြီး သုံးနာရီကျော်အကြာတွင် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စက်ရုပ်နည်းပညာသုံး ဒရာဂွန်အာကာသကုန်တင်ယာဉ် လွှတ်တင်ရန် စီစဉ်ထား

**ဝါရှင်တန် မေ ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စက်ရုပ်နည်းပညာသုံး ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုင်ငံတကာအာကာသစခန်း (ISS) သို့ ယနေ့တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း မေ ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း အာကာသယာဉ်မှူးများ လိုအပ်သည့်ပစ္စည်း ကီလိုဂရမ် ၃၀၄၀ သယ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ရယူထားသည့် သဘောတူညီချက်အရ Space-X ကုမ္ပဏီ၏ ၃၂ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် လွှတ်တင်ပြီးချိန်တွင် နိုင်ငံတကာ အာကာသစခန်း၌ တစ်လခန့် ဆိုက်ကပ်ထားပြီးနောက် ကယ်လီဖိုးနီးယားပြည်နယ် ကမ်းလွန် ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ဆင်းသက်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အဆင့်(၃) အရေပြားကင်ဆာလူနာများ၌ ကင်ဆာဆဲလ်များ ပြန်ပေါ်နိုင်ခြေ ရှိမရှိ သွေးစစ်နည်းတစ်မျိုးက ခန့်မှန်းနိုင်

**နယူးယောက် မေ ၂၁**

ရိုးစင်းသော မျိုးဗီဇအခြေခံ သွေးစစ်နည်းတစ်မျိုးသည် အဆင့်(၃) အရေပြားကင်ဆာလူနာများ၌ ကင်ဆာဆဲလ်များ တစ်ကျော့ပြန်လည် ပေါ်ထွက်လာနိုင်ခြေ ရှိ၊ မရှိကို အလွန်တိကျစွာခန့်မှန်းလာနိုင်ကြောင်း မေ ၂၀ ရက်သတင်းများအရ သိရသည်။

အဆိုပါ သွေးစစ်နည်းသည် အရေပြားကင်ဆာ လူနာများ၏ ကင်ဆာဆဲလ်များက ထုတ်ပေးသည့် မျိုးဗီဇအခြေခံမော်လီကျူး (DNA) များကို ရှာဖွေခြင်းဖြင့် ကင်ဆာဆဲလ်များတစ်ကျော့ပြန်ပေါ်လာနိုင်ခြေ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အဆင့်(၃) အရေပြားကင်ဆာရောဂါ လူနာများတွင် CtDNA ခေါ် မျိုးဗီဇတစ်မျိုးရှိနေပါက ကင်ဆာဆဲလ်များ ပြန်လည်ပေါ်ထွက်လာနိုင်ခြေ မြင့်မားတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ CtDNA မျိုးဗီဇအခြေခံမော်လီကျူးများရှိနေသည့် အဆင့်(၃) အရေပြားကင်ဆာ လူနာများအနက် ၈၀ ရာခိုင်နှုန်း တို့တွင် ကင်ဆာဆဲလ်များ တစ်ကျော့ပြန်ပေါ်ထွက် လာတတ်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုများအရ CtDNA ရှာဖွေရေး သွေးစစ်နည်းသည် အဆင့်(၃) အရေပြားကင်ဆာလူနာများ၌ ကင်ဆာဆဲလ်များ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေ ရှိ၊ မရှိကို တိကျစွာထောက်လှမ်းပေးနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဆေးခြောက်အလွန်အကျွံသုံးစွဲသူများ Dementia ဖြစ်နိုင်ခြေမြင့်တက်နိုင်

**အော့တဝါ မေ ၂၁**

ဆေးခြောက် အလွန်အကျွံသုံးစွဲသူ သက်လတ်ပိုင်းနှင့်သက်ကြီးပိုင်းများအနေဖြင့် နှစ်အတန်ငယ်အတွင်း ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း မေ ၂၀ ရက် သတင်းများအရ သိရသည်။

ဆေးခြောက် သုံးစွဲမှုကြောင့် ဆေးရုံတက်ခဲ့ရသည့် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းလူနာများ၌ နောင်ငါးနှစ်အတွင်း Dementia ရောဂါဖြစ်နိုင်ခြေ ပုံမှန်ထက် ၇၂ ရာခိုင်နှုန်း မြင့်တက်နေတတ်ကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

ဆေးခြောက်ကို ကာလရှည် အလွန်အကျွံသုံးစွဲမှုကြောင့် သက်လတ်ပိုင်းအရွယ်၌ ဦးနှောက်ကျန်းမာရေးပြဿနာများပေါ်လာနိုင်ခြေ မြင့်မားလာတတ်ကြောင်း ကနေဒါ သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အထူးသဖြင့် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ဆေးရုံတက်ရလောက်သည်ထိ ဆေးခြောက်ကို အလွန်အကျွံ သုံးစွဲတတ်သော သက်ကြီးပိုင်းများ၌ Dementia ဖြစ်နိုင်ခြေမှာ နှစ်အနည်းငယ်အတွင်း မြင့်တက်လာနိုင်ကြောင်း သိရသည်။

ဆေးခြောက် ပုံမှန်သုံးစွဲမှုကြောင့် ဦးနှောက်ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲသွားတတ်ပြီး Dementia ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ဘောလုံးရာသီ သုံးရာသီဆက်တိုက် ပြိုင်ပွဲစုံသွင်းဂိုး ၁၀၀ အထက်ရရှိသည့် အသင်းအဖြစ် အာဆင်နယ်အသင်းမှတ်တမ်းဝင်



လန်ဒန် ဧပြီ ၂၁

အာဆင်နယ် အသင်းသည် အစ်ဗ့စ်အသင်းနှင့် ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၃ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် ဘောလုံးရာသီ သုံးရာသီဆက်တိုက် ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ အထက် သွင်းယူနိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အာဆင်နယ် အသင်းသည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီက ပရီးမီးယားလိဂ်သွင်းဂိုး ၈၈ ဂိုး၊ ယူရိုပါလိဂ်သွင်းဂိုး ၁၁ ဂိုး၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် သွင်းဂိုး သုံးဂိုး၊ ကွာရာဘောင်းဖလားပြိုင်ပွဲတွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး စုစုပေါင်း သွင်းဂိုး ၁၀၃ ဂိုးထိလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ဂိုး ၉၁ ဂိုး၊ ချန်ပီယံလိဂ်သွင်းဂိုး ၁၉ ဂိုး၊ ကွာရာဘောင်းဖလားပြိုင်ပွဲ သွင်းဂိုး နှစ်ဂိုး စုစုပေါင်း ၁၁၂ ဂိုးထိလည်းကောင်း သွင်းယူနိုင်ခဲ့ပြီးနောက် ယခုရာသီတွင်လည်း ဘောလုံးရာသီမပြီးဆုံးမီ သွင်းဂိုး၁၀၃ ဂိုးထိရှိခဲ့သဖြင့် သုံးရာသီဆက်တိုက် သွင်းဂိုး ၁၀၀ အထက် သွင်းယူနိုင်သည့် အသင်းဖြစ်လာခဲ့သည်။

အစ်ဗ့စ်အသင်းနှင့် ပွဲစဉ်တွင် အဖွင့်ဂိုးသွင်းယူခဲ့သည့် ထရိုဆာ့ဒ်၏သွင်းဂိုးမှာ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် လေးဂိုးထိရရှိခဲ့သဖြင့် စုစုပေါင်း ၁၀၃ ဂိုးရှိခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၆၁ ဂိုး၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဂိုး၃၀၊အက်ဖ်အေဖလားပြိုင်ပွဲတွင် တစ်ဂိုးနှင့် ကွာရာဘောင်းဖလား ပြိုင်ပွဲတွင် ၁၁ ဂိုးထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် အမှတ်ပေးပွဲ ၃၃ ပွဲကစားအပြီးတွင် ရမှတ် ၆၆ မှတ်သာ ရရှိခဲ့သဖြင့် အဆင့်(၁)မှ လီဗာပူးအသင်းနှင့် ရမှတ် ၁၃ မှတ်ထိ ကွာဟနေသောကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်မည့်အခွင့်အရေး နည်းပါးခဲ့ပြီး လီဗာပူးအသင်းက လာမည့် လက်ကျန်ပွဲစဉ်တစ်ပွဲကို နိုင်ပွဲရရှိပါက အမှတ်ပေးချန်ပီယံဆုကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

## ချဲလ်ဆီးအသင်းနည်းပြ မာရက်စ်ကာ အဝါကတ်ပြစ်ဒဏ်ကြောင့် တစ်ပွဲပယ်ခံရ

လန်ဒန် ဧပြီ ၂၁

ဖူလ်ဟမ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်တွင် ချဲလ်ဆီးအသင်းက နောက်ကျသွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့ချိန်တွင် အောင်ပွဲခံမှုပြုလုပ်ခဲ့သည့် နည်းပြမာရက်စ်ကာသည် အဝါကတ်ပြသခံရမှုကြောင့် ယခုနှစ်ဘောလုံးရာသီတွင် အဝါကတ် သုံးကြိမ် ပြည့်မြောက်ခဲ့သဖြင့် လာမည့်ပွဲစဉ်တစ်ပွဲကို ကြီးကြပ်ခွင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဖူလ်ဟမ်အသင်းက ပထမပိုင်းပွဲကစားချိန် မိနစ် ၂၀ တွင် ရရှိခဲ့သည့် သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၈၃ မိနစ်တွင် ဂျော့ဂျီက ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် နာကျင်အချိန်ပို မိနစ် ၉၀ ကျော်တွင် နက်တိုက အသင်းအတွက် အနိုင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် နည်းပြမာရက်စ်ကာက သတ်မှတ်နေရာမှ ထွက်ခွာ၍ အောင်ပွဲခံမှုပြုလုပ်ခဲ့သဖြင့် ကွင်းလယ်ဒိုင် တေလာက အဝါကတ်ပြသခဲ့ခြင်းဖြစ်သည်။

နည်းပြ မာရက်စ်ကာသည် ယခုနှစ် ဘောလုံးရာသီတွင် ဘုန်းမောက်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ပွဲစဉ်တွင် အဝါကတ် နှစ်ကြိမ်ပြသခံရပြီး ယခုပွဲစဉ်တွင် အဝါကတ်တစ်ကြိမ် ထပ်မံပြသခံရသဖြင့် အဝါကတ် သုံးကြိမ် ပြည့်မြောက်ခဲ့သောကြောင့် တစ်ပွဲပယ်ပြစ်ဒဏ် ကျခံရမည်ဖြစ်ပြီး လာမည့် အဲဗာတန်အသင်းနှင့်ပွဲစဉ်ကို ကြီးကြပ်ခွင့် လွဲချော်မည်ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ အစပိုင်းတွင် ခြေစွမ်းပိုင်း ကောင်းမွန်ခဲ့သော်လည်း ပြီးခဲ့သည့် ခရစ္စမတ်ကာလ မတိုင်မီ ဒဏ်ရာရကစားသမားများပြားလာချိန်တွင် ရလဒ်ပိုင်း ကျဆင်းသွားခဲ့ပြီးနောက် ခြေစွမ်းပိုင်းတည်ငြိမ်မှု မရတော့သဖြင့် ပွဲစဉ် ၃၃ အပြီးတွင် ရမှတ် ၅၇ မှတ် ရရှိခဲ့ကာ အဆင့်(၅)နေရာတွင် ရောက်ရှိခဲ့ပြီး အဆင့်(၆)မှ နော်တင်ဟမ်၊ အဆင့်(၇)မှ အေဗီလာအသင်းတို့နှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့် လာမည့်ပွဲစဉ်များတွင် ရမှတ်ရှာဖွေနိုင်မှသာ ချန်ပီယံလိဂ်ဝင်ခွင့် သေချာမည်ဖြစ်ကြောင်း သိရသည်။

Ref : Daily mail

Trs : ML



## အားကစားသတင်းအတိုအထွာများ

- အစ်ဗ့စ်အသင်းနှင့်ပွဲစဉ်တွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့သည့် တောင်ပံကစားသမား ဆာကာအနေဖြင့် ဒဏ်ရာပြင်းထန်မည်ကို စိုးရိမ်သောကြောင့် ပွဲကစားချိန် ၅၇ မိနစ်တွင် လူစားလဲခဲ့ရကြောင်း နည်းပြအာတီတာက ပြောကြားခဲ့ပြီး လာမည့် ပီအက်စ်ဂျီအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။
- တံကောက်ကြောဒဏ်ရာရရှိခဲ့သည့် လီဝမ်ဒေါစကီးအနေဖြင့် ရက်သတ္တပတ်သုံးပတ်ခန့် အနားယူရမည်ဖြစ်သောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲ အပါအဝင် ချန်ပီယံလိဂ်ပြိုင်ပွဲ နှစ်ကျော့စလုံးကို လွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။
- လီဗာပူးအသင်းက မာဆေးအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဂရင်းဝုဒ်ကို လာမည့်နွေရာသီတွင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၈၀ ပေး၍ခေါ်ယူရန် အသင့်ဖြစ်နေကြောင်း သိရသည်။

ML

## လီဗာပူးကိုရှုံးနိမ့်ခဲ့သည့် လက်စတာအသင်း ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရ

မန်ချက်စတာ ဧပြီ ၂၁

တနင်္ဂနွေနေ့က ယှဉ်ပြိုင်ကစားခဲ့သည့် လက်စတာအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် လက်စတာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရကြောင်း သိရသည်။



လက်စတာ အသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပြီးဆုံးရန် ငါးပွဲကျန်ရှိနေသော်လည်း အမှတ်ပေးပြိုင်ပွဲတွင် လေးပွဲနိုင်၊ ခြောက်ပွဲသရေ၊ ၂၃ ပွဲထိ ရှုံးနိမ့်ခဲ့သဖြင့် ရမှတ် ၁၈ မှတ်သာ ရရှိခဲ့သောကြောင့် ပရီးမီးယားလိဂ်သမိုင်းတွင် ၁၉၉၄-၁၉၉၅၊ ၂၀၀၁-၂၀၀၂၊ ၂၀၀၃-၂၀၀၄၊ ၂၀၂၂-၂၀၂၃၊ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတို့တွင် ငါးကြိမ်ထိ တန်းဆင်းခဲ့ရသည့် အသင်းဖြစ်လာခဲ့သည်။

ပရီးမီးယားလိဂ်တွင် တန်းဆင်းခဲ့ရသည့် အသင်းများထဲတွင် နော့ဝှစ်အသင်းက ခြောက်ကြိမ်၊ လက်စတာအသင်းက ငါးကြိမ်နှင့် ဝက်စ်ဘရွန်းအသင်းတို့က ငါးကြိမ် တန်းဆင်းခဲ့ရကြောင်း သိရသည်။

ထို့ပြင် လက်စတာအသင်းသည် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပရီးမီးယားလိဂ်သမိုင်းတွင် အိမ်ကွင်းကိုးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုး တစ်ရပ်ကိုလည်း ပိုင်ဆိုင်ခဲ့သည်။

အမှတ်ပေးပြိုင်ပွဲ ၃၃ ပွဲကစားအပြီးတွင် ဆောက်သမ်တန်အသင်းနှင့် လက်စတာအသင်းတို့ တန်းဆင်းခဲ့ရပြီး အစ်ဗ့စ်အသင်းအနေဖြင့်လည်း ရမှတ် ၂၁ မှတ် ရရှိထားသော်လည်း အဆင့်(၁၇)မှ ဝက်စ်ဟမ်းအသင်းနှင့် ရမှတ် ၁၅ မှတ်ထိ ပြတ်တောက်နေသဖြင့် လက်ကျန်ပွဲ ငါးပွဲလိုသေးသော်လည်း သင်္ချာနည်းအရ တန်းဆင်းရန် သေချာနေကြောင်း သိရသည်။

Ref : Beinsports

Trs : ML

## WBO Asia Pacific စူပါဖလိုင်းဝိတ်တန်းချန်ပီယံဆုအတွက် ထရန်ဗန်သောင်နှင့် တိုမိုယာတို့ ထိုးသတ်မည်

ဆန်ဟွမ် ဧပြီ ၂၁

WBO အဖွဲ့ချုပ်က လစ်လပ်နေသည့် WBO Asia Pacific စူပါဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ဗီယက်နမ်လက်ဝှေ့သမား ထရန်ဗန်သောင်နှင့် ဂျပန်လက်ဝှေ့သမား တိုမိုယာတို့ လာမည့် ဇွန် ၂၅ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ထိုးသတ်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၂ နှစ်အရွယ် ဗီယက်နမ် လက်ဝှေ့လောက၏ အကောင်းဆုံး လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံထားရသူ ထရန်ဗန်သောင်အနေဖြင့် 2021 AIBA World Boxing Championships တွင် ရွှေတံဆိပ်ဆုဆွတ်ခူးရရှိထားသည့် အသက် ၂၉ နှစ်အရွယ် တိုမိုယာနှင့် ထိုးသတ်သွားရမည့်ပွဲစဉ်သည် ၎င်းအတွက် အခက်အခဲဆုံး စိန်ခေါ်ပွဲဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ထရန်ဗန်သောင်သည် တိုမိုယာအား အနိုင်ရရှိခဲ့ပါက ဗီယက်နမ်လက်ဝှေ့လောကတွင် WBO Asia Pacific ချန်ပီယံခါးပတ်ကို ပထမဆုံး ဆွတ်ခူးရရှိသည့် လက်ဝှေ့သမားအဖြစ်လည်း မှတ်တမ်းဝင်မည်ဖြစ်သည်။

ထရန်ဗန်သောင်သည် လက်ဝှေ့လောကတွင် စိန်ခေါ်ပွဲပေါင်း ၁၈ ပွဲထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲသာရှိသည့် လက်ဝှေ့သမားဖြစ်ကာ တိုမိုယာက စိန်ခေါ်ပွဲပေါင်း ၂၃ ပွဲ ထိုးသတ်ထားပြီး ၁၄ ပွဲထိ ရှုံးနိမ့်ထားသည့် လက်ဝှေ့သမားဖြစ်သည်။

ထရန်ဗန်သောင်က "လာမဲ့ ဇွန်လမှာ ကျွန်တော့်ဘဝအတွက် အရေးကြီးဆုံးသော စိန်ခေါ်ပွဲကို ထိုးသတ်သွားရမယ်။ ဒီပွဲစဉ်ဟာ ကျွန်တော့်အတွက် အရမ်းကို အရေးကြီးတယ်။ အနိုင်သာရခဲ့မယ်ဆိုရင် ဗီယက်နမ်လက်ဝှေ့လောကအတွက် မှတ်တမ်းကောင်းတစ်ရပ် ရယူနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : AZL

# RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဂျက်စတင်သောမတ်စ် ဆွတ်ခူး

**နယူးယောက် ဧပြီ ၂၁**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားပြည်နယ် ဟီလ်တန်ဟက်ကျွန်းတွင် ကျင်းပခဲ့သည့် RBC Heritage ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်သောမတ်စ်က ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်စတင်သောမတ်စ် က နောက်ဆုံးနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား အန်ဒရူးနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားအား ပူးတွဲဦးဆောင်နိုင်ခဲ့သဖြင့် ချန်ပီယံ အဆုံးအဖြတ်အတွက် Play-off အဆင့်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျက်စတင်သောမတ်စ်က အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးရရှိခဲ့ကာ အန်ဒရူးက အမှတ်ပေးဇယား၏ ဒုတိယနေရာဖြင့်သာ အဆုံးသတ်ခွင့်ရခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဒန်နီရယ်ဘက်ဂါ၊ ဘရိုင်ယန်ဟားမန်း၊ မက်နယ်လေနှင့် ကနေဒါဂေါက်သီးရိုက် ကစားသမား မက်ကင်ဇီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ဂျက်စတင်သောမတ်စ် အနေဖြင့် ၂၀၂၂ ခုနှစ် မေလ ၂၂ ရက်က PGA ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံဆုအား ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။




ဂျက်စတင်သောမတ်စ်က "ပြိုင်ပွဲတစ်ပွဲမှာ ချန်ပီယံဖြစ်ဖို့ဆိုတာ အရမ်းကိုခက်ခဲပါတယ်။ ချန်ပီယံဖြစ်ခွင့်ရဖို့အတွက် အဘက်ဘက်ကနေအကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ကျွန်တော့်အတွက်တော့ ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားကို ပြန်လည်ကိုင်မြှောက်ခွင့်ရခဲ့ခြင်းဖြစ်ပါတယ်။ ချန်ပီယံဆုဖလား ကိုင်မြှောက်ရတဲ့အရသာကို လွမ်းဆွတ်နေတာကြာပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲဆုဖလားကို ဟိုလ်ဂါရူနီ ဆွတ်ခူးရရှိ




**ဘာစီလိုနာ ဧပြီ ၂၁**

စပိန်နိုင်ငံဘာစီလိုနာမြို့တွင် ကျင်းပခဲ့သည့် ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရူနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟိုလ်ဂါရူနီက (၇-၆၊ ၆-၂)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် မြေနီရပ်မြေတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့ပြီး ပထမပွဲငယ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ tie-break အဆင့်အထိကစားခဲ့ရပြီး ရှုံးနိမ့်ခဲ့ကာ ဒဏ်ရာပြဿနာနှင့်ပါ ရင်ဆိုင်ခဲ့ရသည့်အတွက် ဒုတိယပွဲငယ်တွင် အကောင်းဆုံးပုံစံဖြင့် ကစားနိုင်ခြင်းမရှိတော့ပဲ ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဟိုလ်ဂါရူနီအနေဖြင့် ချန်ပီယံဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော ဒိန်းမတ်တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။

ဟိုလ်ဂါရူနီက "ဒီနိုင်ပွဲဟာ ကျွန်တော့်အတွက်တော့ အရမ်းကိုအဓိပ္ပာယ်ရှိတဲ့နိုင်ပွဲပါ။ ဒီဗိုလ်လုပွဲစဉ်ဟာလည်း အကောင်းဆုံး ဗိုလ်လုပွဲစဉ်တစ်ပွဲ ဖြစ်ပါတယ်။ ဒိန်းမတ်နိုင်ငံသား တစ်ယောက်အနေနဲ့ ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပထမဆုံးချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကိုရခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဝုဗ်အသင်းသမိုင်းတစ်လျှောက် ၄၅ နှစ်အတွင်း မန်ယူသင်းကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စလုံး အနိုင်ရရှိ

**လန်ဒန် ဧပြီ ၂၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃)အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် ဝုဗ်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဝုဗ်အသင်းက အဝေးကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဝုဗ်အသင်းသမိုင်းတစ်လျှောက် ၄၅ နှစ်အတွင်း မန်ယူအသင်းကို တစ်ရာသီအတွင်း အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံး အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်း ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဝုဗ်အသင်းက အဝေးကွင်းတွင် မန်ယူအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၇ မိနစ်တွင် သွင်းယူနိုင်ခဲ့သည့် ဆာရာဘီးယား၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပြီးခဲ့သည့် ၁၉၈၀ ပြည့်နှစ်က မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ဝုဗ်အသင်းသည် ပြီးခဲ့သည့် ၁၉၇၉-၁၉၈၀ ပြည့်နှစ် ဘောလုံးရာသီက မန်ယူအသင်းကို တစ်ရာသီအတွင်း အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံး အနိုင်ရရှိခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်းလည်း ပထမအကျော့ အိမ်ကွင်းတွင် ကစားခဲ့စဉ်က နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ အဝေးကွင်း ပွဲစဉ်တွင်လည်း တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် နှစ်ကျော့စလုံး ပေးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းပြီး ၄၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တစ်ရာသီအတွင်း အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စလုံး အနိုင်ရရှိခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပြန်လည်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။




ဝုဗ်အသင်းသည် မန်ယူအသင်းကို အနိုင်ရရှိခဲ့သည့်အတွက် ရမှတ် ၃၈ မှတ်ဖြင့် မန်ယူအသင်းနှင့် ရမှတ်တူဖြင့် ဖိအားပေးနိုင်ခဲ့ပြီး မန်ယူအသင်းအနေဖြင့် ဝုဗ်အသင်းကိုရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ပြီး တစ်ပွဲသရေရလဒ်နှင့် သုံးပွဲထိ ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# အိမ်ကွင်းရှုံးပွဲအများဆုံး ဘောလုံးရာသီအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ကို မန်ယူအသင်းရရှိ

**မန်ချက်စတာ ဧပြီ ၂၁**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၃)အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် ဝုဗ်အသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းအနေဖြင့် အိမ်ကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ၁၉၆၃ ခုနှစ်နောက်ပိုင်း အိမ်ကွင်းရှုံးပွဲအများဆုံး ဘောလုံးရာသီအဖြစ် မှတ်တမ်းဆိုးကိုရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ဝုဗ်အသင်းကို အိမ်ကွင်းတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ အိမ်ကွင်းတွင် ရှစ်ပွဲထိ ရှုံးနိမ့်ခဲ့ပြီးနောက် ၁၉၆၃ ခုနှစ်နောက်ပိုင်း အိမ်ကွင်းရှုံးပွဲအများဆုံး ဘောလုံးရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲအဖြစ် မကျင်းပမီ အင်္ဂလန်ပထမတတန်း လိဂ်ပြိုင်ပွဲအဖြစ်ကျင်းပခဲ့စဉ် ၁၉၆၃ ခုနှစ်က တစ်ရာသီအတွင်း အိမ်ကွင်း ရှုံးပွဲ ကိုးပွဲထိရှိခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲဟု အမည်ပြောင်းလဲကျင်းပခဲ့ပြီးနောက်တွင် အိမ်ကွင်းတွင် ရှုံးပွဲအများဆုံး ဘောလုံးရာသီအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်ယူအသင်းသည် အိမ်ကွင်းရှုံးပွဲအများဆုံး မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲ ၁၅ ပွဲထိ ရှိလာခဲ့သည့်အတွက် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ရှုံးပွဲအများဆုံး ဘောလုံးရာသီအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ကို ထပ်မံရရှိခဲ့ကြောင်း သိရသည်။

Ref : B/R Football
Trs : STA

# မာဆေးအသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက်ရာသီသွင်းဂိုးအများဆုံး ဂိုမက်ဇ်၏စံချိန်ကို ဂရင်းဝုဒ် လိုက်မီရန်နီးစပ်



**ပဲရစ် ဧပြီ ၂၁**

မာဆေးအသင်း တိုက်စစ်ကစားသမား ဂရင်းဝုဒ်သည် အသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက်ဘောလုံးရာသီတွင် သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ဂိုမက်ဇ်၏ သွင်းဂိုးစံချိန်ကို လိုက်မီနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

ပြင်သစ်လီဂူး ပြိုင်ပွဲအဖြစ် ကစားခဲ့သည့် မာဆေးအသင်းနှင့် မောင့်ပယ်လီယာအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပွဲချိန် ၈ မိနစ်နှင့် ပွဲချိန် ၆၇ မိနစ်တို့တွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်အတူ သွင်းဂိုး ၁၈ ဂိုးထိ ရှိလာခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပွဲဦးထွက် ဘောလုံးရာသီတွင် သွင်းဂိုးအများဆုံး ကစားသမား စံချိန်ကို လိုက်မီနိုင်ရန်နီးစပ်နေခြင်းဖြစ်သည်။

မာဆေးအသင်း သမိုင်းတစ်လျှောက် ပွဲဦးထွက်ဘောလုံးရာသီ သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ပြီးခဲ့သည့် ၂၀၁၆-၂၀၁၇ ဘောလုံးရာသီက ဂိုမက်ဇ်က သွင်းဂိုး ၂၀ သွင်းယူနိုင်ခဲ့ပြီး ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေကာ ဒုတိယနေရာတွင် ၂၀၀၃-၂၀၀၄ ဘောလုံးရာသီက ဒရော့ဘာက ၁၉ ဂိုးဖြင့် ရပ်တည်နေပြီး ယခုနှစ်ဘောလုံးရာသီတွင် ဂရင်းဝုဒ်က ပြိုင်ပွဲမပြီးဆုံးမီ ၁၈ ဂိုးရှိလာခဲ့ပြီးနောက် ဂိုမက်ဇ်၏စံချိန်ကိုလိုက်မီရန် နီးစပ်နေခြင်းဖြစ်သည်။

အလားတူ ဂရင်းဝုဒ်သည် ပြင်သစ်လီဂူးပြိုင်ပွဲ၏ သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင်လည်း ၂၁ ဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေသည့် ဒမ်ဘီလီ၏နောက်တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : One Football
Trs : STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# စင်ကာပူနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကို ကျန်းမာရေးစောင့်ရှောက်မှုဖြင့်ထိန်းသိမ်းခြင်း(အပိုင်း-၂)

> ❖ စင်ကာပူနိုင်ငံက လူဦးရေထူထပ်သည့်မြို့ပြကြီးတစ်ခုလည်း ဖြစ်သည်။ စင်ကာပူနိုင်ငံမှာကျေးလက်နေလူထုမရှိပေ။ မြို့ပြလူနေမှုစနစ်၏မျက်နှာစာအားလုံးက စင်ကာပူနိုင်ငံသားများ၏ ကျန်းမာရေးကို ပုံဖော်ပါသည်။ အိမ်ရာတည်ထောင်မှုပုံစံများ၊ သောက်သုံးရေရရှိမှု၊ အစားအသောက်ရရှိမှု၊ လေထုအရည်အသွေး၊ အမှိုက်စွန့်ပစ်မှုပုံစံ၊ အများအပန်းဖြေနိုင်သည့်ပန်းခြံများ တည်ဆောက်ပေးနိုင်မှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ သစ်ပင်စိုက်ပျိုးမှုစီမံချက် စသည့်မြို့ပြလုပ်ငန်းစဉ်အားလုံးက စင်ကာပူ၏ကျန်းမာရေးအခြေအနေအပေါ် သက်ရောက်မှုရှိနေသည်။ ❖

**စင်ကာပူနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပုံစံများ**

၁၉၈၃ ခုနှစ်တွင် စင်ကာပူအမျိုးသားကျန်းမာရေးစီမံချက်(NHP) ကို စတင်မိတ်ဆက်ခဲ့သည်။ စင်ကာပူနိုင်ငံသားမှန်သမျှ ဆေးကုသခွင့်ရရှိစေရန် လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံသားတိုင်းတစ်ဦးချင်းစီ၏ လစာဝင်ငွေအရထည့်သင့်သည့်ငွေကြေးအတိုင်းအတာတစ်ခုကို ပုံမှန်ထည့်သွင်းရသည်။ တစ်ဖက်ကလည်း လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံတော်မှဖြည့်ဆည်းပေးမည်။ နိုင်ငံတော်ကအလုံးစုံအခမဲ့ကျခံပေးခြင်းမဟုတ်ဘဲ နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့် မိမိနှင့်သင့်လျော်သည့် တာဝန်ယူမှုဖြင့်ဖော်ဆောင်ထားသည့်ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်ပါသည်။ ထိုစနစ်ဖော်ဆောင်နိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ငွေကြေးကဏ္ဍစီမံခန့်ခွဲမှုလုပ်ငန်းများကျယ်ပြန့်စွာပါဝင်နေပါသည်။

အကြမ်းဖျင်းအားဖြင့် စင်ကာပူနိုင်ငံ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ငွေပေးချေသည့်စနစ်ပုံစံလေးမျိုးရှိသည်။ ပထမပုံစံမှာအစိုးရကအလုံးစုံကျခံပေးသည့်စနစ်ဖြစ်သည်။ ဝင်ငွေနိမ့်ပါးပြီးဆင်းရဲချို့တဲ့သူများအတွက် အစိုးရကဆေးကုသမှုကုန်ကျစရိတ်ကို အခမဲ့နီးပါးကျခံပေးသည့်စနစ်ဖြစ်သည်။ ရည်ရွယ်ချက်က အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံသားတိုင်းခွင့်တူညီမျှရရှိနိုင်ရန်ဖြစ်သည်။ ဒုတိယပုံစံက အခြေခံကျန်းမာရေးအာမခံဝယ်ယူထားရှိသည့်စနစ်ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင်စတင်ခဲ့သည့် MediShield Life ကျန်းမာရေးအာမခံစနစ်ဖြစ်သည်။ နာတာရှည်ကျောက်ကပ်ဆေးနေရသူများနှင့် ကင်ဆာကုသမှုခံယူနေသူ စင်ကာပူနိုင်ငံသားများအတွက် အစိုးရကရေရှည်အကုန်အကျခံနိုင်ခြင်းမရှိပေ။ ထိုသို့သောအခြေအနေများအတွက် ဝယ်ယူထားရသည့် ကျန်းမာရေးအာမခံစနစ်ဖြစ်ပါသည်။ ဝင်ငွေနိမ့်ပါးသူများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်သော်လည်း တကယ်တမ်းရောဂါများ ဖြစ်ပွားလာသည့်အခါ ထိရောက်စွာ အကာအကွယ်ပေးနိုင်သည်။ ထိုကျန်းမာရေးအာမခံအပြင် သီးခြားကျန်းမာရေးအာမခံများကိုလည်းလူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ထပ်မံဝယ်ယူနိုင်တာမျိုးလည်းရှိပါသည်။

ပြင်းထန်စွာမစွမ်းမသန်ဖြစ်နေသူ စင်ကာပူနိုင်ငံသားများအတွက်တော့ ElderShield အမည်ရသည့် အမျိုးသားအဆင့်နာတာရှည်ပြုစုစောင့်ရှောက်မှုကျန်းမာရေးအာမခံစနစ်တစ်ခုရှိနေသည်။ ထိုစနစ်အရ နာတာရှည်ဆေးကုသမှုခံယူနေရသူများကို အခြေခံငွေကြေးပံ့ပိုးမှုများ ပေးအပ်သည်။ အသက်အရွယ်ကြီးရင့်သူနိုင်ငံသားများ ထိုစောင့်ရှောက်မှုစနစ်ကိုရကြတာများသည်။ ၂၀၂၀ ပြည့်နှစ်တွင် ElderShield စနစ်ကို CareShield Life ကျန်းမာရေးအာမခံစနစ်အဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

စင်ကာပူအမျိုးသားကျန်းမာရေးစီမံချက်(NHP)က အလုပ်ရှင်နှင့်အလုပ်သမားများအတွက် မထည့်မနေရ ကျန်းမာရေးအာမခံစနစ်တစ်ခုဖော်ဆောင်ပေးခဲ့သည်။ Medisave ကျန်းမာရေးအာမခံစနစ်ဟုခေါ်သည်။ ကျန်းမာရေးအာမခံစနစ်တွင် ထည့်ဝင်ထားသည့် အာမခံငွေကြေးကို ကာယကံရှင်အလုပ်သမားအတွက်သာမက မိဘ၊ အိမ်ထောင်ဘက်နှင့်သားသမီးအရင်းအချာတို့လို အမျိုးအရင်းများ၏ ကျန်းမာရေးစရိတ်အဖြစ်ပါ အသုံးပြုနိုင်သည်။ နေ့ချင်းပြီးခွဲစိတ်ကုသမှုများ၊ ပြင်ပလူနာအဖြစ်ကုသမှုများနှင့် ဆေးရုံတက်ကုန်ကျစရိတ်များတွင်ပါ ထည့်သွင်းအသုံးပြုနိုင်သည်။

အထက်ပါကျန်းမာရေးအာမခံစနစ်များတွင် ထည့်ဝင်နိုင်ခြင်း မရှိသူများ၊ အာမခံထည့်ဝင်ထားမှုနှင့် ကျန်းမာရေးအသုံးစရိတ်မလောက်မငဖြစ်နေသူများအတွက်အစိုးရမှကူညီကျခံပေးမည့် Medifund စနစ်တစ်ခုရှိနေသေးသည်။ ထိုစနစ်ကို ၁၉၉၃ ခုနှစ်တွင် စင်ကာပူအစိုးရမှစတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ထို့ကြောင့် စင်ကာပူနိုင်ငံသားများအနေဖြင့်မိမိရရှိသည့် လစာငွေကြေးနှင့် ကိုက်ညီမည့်ကျန်းမာရေးအာမခံစနစ်များကို ဝယ်ယူထားကြရသလိုအစိုးရအနေဖြင့်လည်း ကျန်းမာရေးကုန်ကျစရိတ်ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု လျော့ပါးစေပြီး ချို့တဲ့သူများကို အပြည့်အဝကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ကြောင်း တွေ့ရှိရသည်။

ကျန်းမာရေးအာမခံရန်ပုံငွေများ ထည့်ဝင်ထားကြသည့် နိုင်ငံသားများ၏ကျန်းမာရေးစောင့်ရှောက်မှုမှာ စင်ကာပူကျန်းမာရေးဝန်ကြီးဌာနအပေါ် လုံးလုံးလျားလျားတာဝန်ရှိသလို အာမခံရန်ပုံငွေကြေးများ စီမံခန့်ခွဲမှုအတွက်မှာမူ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ကတာဝန်ယူရသည်။ အလုပ်ရှင်နှင့်အလုပ်သမားများထည့်ဝင်ရသည့် Medisave ရန်ပုံငွေများကိုမူ CPF ဟု အတိုကောက်ခေါ်ကြသည့် ဗဟိုငွေစုရန်ပုံငွေအဖွဲ့ကြီးမှ တာဝန်ယူထားသည်။ CPF ရန်ပုံငွေစနစ်မှာ စင်ကာပူနိုင်ငံသားများနှင့် စင်ကာပူနိုင်ငံတွင် အမြဲနေထိုင်ခွင့်ရသူများ၏အငြိမ်းစားစုငွေ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အိုးပိုင်အိမ်ပိုင်ကိစ္စရပ်များအတွက် ငွေကြေးစုဆောင်းပေးသည့် စနစ်တစ်ခုဖြစ်သည်။

၂၀၀၀ ပြည့်လွန်နှစ်များထိ စင်ကာပူနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ်မှာ နိုင်ငံ့ဂျီဒီပီ၏ သုံးရာခိုင်နှုန်းအောက်မှာသာရှိခဲ့သည်။ ထိုစဉ်ကာလများက ကျန်းမာရေးအသုံးစရိတ်ကို ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများအပေါ် အသုံးပြုခဲ့သည်။ အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစီမံချက်ရေးဆွဲသည်။ ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူတပ်ဆင်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဆေးကုသမှုကုန်ကျစရိတ်၏ လေးရာခိုင်နှုန်းအောက်ကို ကာယကံရှင်ပြည်သူများကကျခံပေးရပြီး ၂၀၀၀ ပြည့်လွန်နှစ်များတွင်မူ ကာယကံရှင်ကခြောက်ရာခိုင်နှုန်းထိ ကျခံခဲ့ကြရသည်။

စင်ကာပူနိုင်ငံက လူဦးရေထူထပ်သည့်မြို့ပြကြီးတစ်ခုလည်းဖြစ်သည်။စင်ကာပူနိုင်ငံမှာကျေးလက်နေ လူထုမရှိပေ။ မြို့ပြလူနေမှုစနစ်၏မျက်နှာစာအားလုံးက စင်ကာပူနိုင်ငံသားများ၏ကျန်းမာရေးကိုပုံဖော်ပါသည်။ အိမ်ရာတည်ထောင်မှုပုံစံများ၊ သောက်သုံးရေရရှိမှု၊ အစားအသောက်ရရှိမှု၊ လေထုအရည်အသွေး၊အမှိုက်စွန့်ပစ်မှုပုံစံ၊အများအပန်းဖြေနိုင်သည့်ပန်းခြံများ တည်ဆောက်ပေးနိုင်မှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ သစ်ပင်စိုက်ပျိုးမှုစီမံချက် စသည့်မြို့ပြလုပ်ငန်းစဉ်အားလုံးက စင်ကာပူ၏ ကျန်းမာရေးအခြေအနေအပေါ် သက်ရောက်မှုရှိနေသည်။ ထို့ကြောင့်နိုင်ငံသားများ၏ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဝန်ကြီးဌာနအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရသည်။

ကြိုးစားအားထုတ်မှု၏အကျိုးရလဒ်ကို ယနေ့အချိန်တွင်စာရင်းဇယားများမှတစ်ဆင့်မြင်တွေ့ခွင့်ရနေကြပါပြီ။ ၁၉၆၅ ခုနှစ်မှစတင်လျက် စင်ကာပူနိုင်ငံသားများ၏ပျမ်းမျှသက်တမ်းသည်တစ်နှစ်ပြီးတစ်နှစ်ရှည်လျားလာခဲ့သည်မှာ ၁၉၆၅ ခုနှစ်က ပျမ်းမျှသက်တမ်း ၆၇ နှစ်ဖြစ်ခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင်ပျမ်းမျှသက်တမ်း ၈၃ နှစ်ထိ စင်ကာပူသားတို့အသက်ရှည်လာကြပါပြီ။ မွေးကင်းစကလေးသေဆုံးမှုမှာ ၁၉၆၇ ခုနှစ်က ၂၇ ဦးရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်မှာ နှစ်ဦးသာရှိတော့သည်။ စင်ကာပူအမျိုးသားလူထုအခြေပြု ကျန်းမာရေးစစ်တမ်း(၂၀၁၆–၂၀၁၇)အရ အသက် ၁၈ နှစ်မှ ၆၉ နှစ်အကြား စင်ကာပူနိုင်ငံသား ၁၀ ဦးလျှင် ရှစ်ဦးမှာ ကျန်းမာပြီးအလုပ်လုပ်နိုင်သူများဖြစ်ကြောင်း တွေ့ရှိရသည်။ ယနေ့စင်ကာပူနိုင်ငံသားများသေဆုံးရမှု၏ သုံးပုံနှစ်ပုံမှာနှလုံးသွေးကြောရောဂါများ၊ ကင်ဆာရောဂါများ၊ နာတာရှည်အသက်ရှူလမ်းကြောင်းရောဂါများနှင့်ဆီးချိုရောဂါကဲ့သို့သော မကူးစက်နိုင်သည့်ရောဂါကြီးများကြောင့်သာဖြစ်သည်။

ယနေ့စင်ကာပူနိုင်ငံသားများ၏အဓိကကျန်းမာရေးစိန်ခေါ်မှုမှာ မကူးစက်နိုင်သောရောဂါများဖြစ်ပါသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းနှင့် အဝလွန်ခြင်းတို့ကြောင့် ဆီးချိုနှင့်နှလုံးသွေးကြောရောဂါများ၊ သွေးတိုးရောဂါများ ဖြစ်ပွားမှုများပြားလာကြပါသည်။အကျိုးဆက်အနေဖြင့် စင်ကာပူနိုင်ငံသားများအတွက် ၎င်းနာတာရှည်ရောဂါများ၏နောက်ဆက်တွဲဆိုးကျိုးများကြောင့် မစွမ်းမသန်အခြေအနေများဖြင့်ပိုမိုရင်ဆိုင်လာရဖွယ်ရှိသည်။

မကူးစက်နိုင်သောရောဂါများ၏ နောက်ခံအကြောင်းရင်းတစ်ရပ်အနေဖြင့် ကိုယ်အလေးချိန်ပိုနေခြင်းနှင့် အဝလွန်ခြင်းတို့မှာ ၁၉၉၀ ပြည့်နှစ်တွင်အဆင့်(၈)နေရာရှိနေခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင်အဆင့်(၅)နေရာသို့ရောက်ရှိလာခဲ့သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်းကလည်း မကူးစက်နိုင်သော ရောဂါများဖြစ်ပွားခြင်း၏နောက်ခံအကြောင်းရင်းတစ်ရပ်ဖြစ်လာသည်။ ဥပမာအဆုတ်ကင်ဆာရောဂါအပါအဝင် ကင်ဆာရောဂါအချို့မှာ မကူးစက်နိုင်သောရောဂါများဖြစ်ကြပြီး ဆေးလိပ်သောက်ခြင်းက အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ လက်ရှိကာလတွင် စင်ကာပူနိုင်ငံကျန်းမာရေးဌာနအနေဖြင့် မကူးစက်နိုင်သောရောဂါများထိန်းချုပ်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။

**ကိုးကား**

–BUILDING HUMAN CAPITAL by Shahid Yusuf

**ဒေါက်တာလွှမ်းမိုးဟန်**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# မျက်ကွယ်ရာ ဇာတ်လမ်းတွဲသစ်ကို မေလတွင် ထုတ်လွှင့်မည်




**ရန်ကုန် မေ ၂၁**

ခရေဖြူ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မျက်ကွယ်ရာ အမည်ရှိ ဇာတ်လမ်းတွဲသစ်ကို Mahar Application မှ မူပိုင်ဇာတ်လမ်းတွဲ Orignial Series အဖြစ် မေလပထမပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ညီမ်းသော်က ပြောပြ၍သိရသည်။

အဆိုပါ မျက်ကွယ်ရာ အမည်ရှိ ဇာတ်လမ်းတွဲသစ်၏ ဝတ္ထုဇာတ်လမ်းကို မယ်ခိုင်က ရေးဖွဲ့ထားခြင်းဖြစ်ပြီး ညီအောင်ညီ(Sliver Mon) က ဇာတ်ညွှန်းရေးညွှန်းထားကာ ဒါရိုက်တာ အကယ်ဒမီ ကိုဇော်(အရုဏ်ဦး)က ခရေဖြူ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် အချစ်ဒရာမာ ဇာတ်လမ်းတွဲလည်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ အချစ်ဒရာမာဇာတ်လမ်းတွဲဖြစ်ပါတယ်။ သမားရိုးကျအချစ်ဇာတ်လမ်းတွေထက်တော့ နည်းနည်းလေးထူးတဲ့ ဇာတ်လမ်းတွဲအဖြစ် မြင်ရမှာပါ။ အများစုတွေ့ရတတ်တဲ့ သုံးပွင့်ဆိုင်မဟုတ်တဲ့ လေးပွင့်ဆိုင် ထူးခြားတဲ့အချစ်ဇာတ်လမ်းတွဲမို့ စောင့်ကြည့်ပေးပါဦး"ဟု သရုပ်ဆောင် ညီမ်းသော်က ပြောပြသည်။

အဆိုပါ မျက်ကွယ်ရာအမည်ရှိ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အကယ်ဒမီ ရွှေထူး၊ ညီမ်းသော်၊ ဇော်ဝင်းမောင်၊ စုရှိုင်း၊ သာသာ၊ ဒေါင်းဝေ၊ အကယ်ဒမီ ရွှေမှုံ့ရတီ၊ အကယ်ဒမီ အေးမြတ်သူ၊ မေဖြူကြည်သင်းနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ASH**

# Godzilla x Kong-3 ဇာတ်ကား၌ မင်းသား ဆမ်နီး ပါဝင်လာ

**နယူးယောက် မေ ၂၁**

Legendary ရုပ်ရှင်ကုမ္ပဏီ၏ Godzilla x Kong-3 ဇာတ်ကားသစ်၌ မင်းသားဆမ်နီးလည်းပါဝင်လာကြောင်း မေ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသားဆမ်နီးသည် မင်းသမီး ကိတ်သလင်းဒီဗာ၊ မင်းသား ဒန်းစတီဗင်၊ ဂျက်အိုကွန်နယ်တို့နှင့် သရုပ်ဆောင်ရမည်ဖြစ်သည်။

၎င်းဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇၁ သန်းထိရရှိခဲ့သည့် Godzilla x Kong:The New Empire(2024) ၏ နောက်ဆက်တွဲဇာတ်ကားလည်းဖြစ်သည်။

Godzilla x Kong ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂရန်းစပူတိုရီကတာဝန်ယူ ရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကယ်လာဟမ်က ရေးသားပေးထားသည်။

လက်ရှိတွင် Godzilla x Kong ဇာတ်ကားသစ်၏ ဇာတ်လမ်းဇာတ်အိမ်သေးစိတ်ကို Legendary က လျှို့ဝှက်ထားဆဲဖြစ်သည်။

အဆိုပါဇာတ်ကားသစ် စတင်ရိုက်ကူးမည့်နေ့နှင့် ရုံတင်ပြသမည့်နေ့တို့ကို Legendary က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ငမိုက် ဒဿ ကပ္ပိယ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကို HEY Play YouTube Channel တွင် အစအဆုံး ပြန်လည်ထုတ်လွှင့်ပေးနေ

**ရန်ကုန် မေ ၂၁**

Channel 7 ရုပ်မြင်သံကြားလိုင်းနှင့် HEY Play Application တို့တွင် ထုတ်လွှင့်ပြီးဖြစ်သည့် ငမိုက် ဒဿ ကပ္ပိယ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို HEY Play YouTube Channel တွင် မေ ၂၀ ရက်က အစအဆုံး ပြန်လည်ထုတ်လွှင့်ပေးနေကြောင်း သိရသည်။




ငမိုက် ဒဿ ကပ္ပိယ အမည်ရှိ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အောင်ခေတ်(နှလုံးသားအလင်္ကာ) မှ ရေးသားရေးဖွဲ့ထားကာ ဒါရိုက်တာ ဇော်ထွန်းက သီဟမင်းညီ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ကျေးလက်ဒေသနောက်ခံ အချစ် စွန့်စားခန်း ကျေးလက်ဇာတ်လမ်းတွဲလေးပါပဲ။ ပြီးခဲ့တဲ့ မတ် ၃၁ ရက်ကစပြီး တနင်္လာနေ့ကနေ သောကြာနေ့ထိ Channel 7 ရုပ်မြင်သံကြားလိုင်းနဲ့ HEY Play Application ၊ HEY Play YouTube Channel ကနေ ထုတ်လွှင့်ပေးခဲ့ပြီး အခုအခါမှာ ဇာတ်သိမ်းပိုင်းထိ ထုတ်လွှင့်ပြီးသွားပြီဖြစ်တဲ့အတွက် ဇာတ်လမ်းတွဲအစအဆုံးကို မေ ၂၀ ရက်ကစပြီး HEY Play YouTube Channel မှာ လွှင့်တင်ပေးထားပြီဖြစ်ပါတယ်"ဟု ဒါရိုက်တာ ဇော်ထွန်းက ပြောပြသည်။

အဆိုပါ ငမိုက် ဒဿ ကပ္ပိယ အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စစ်နိုင်၊ မင်းသူ၊ ထူးခြား၊ မျိုးကို၊ ဒေါင်းဝေ၊ ရွှေပိုးအိမ်၊သံစဉ်မောင်၊ သွန်းဆုနဒီ၊ ငြိမ်း၊ နော်အဲလီ နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

**ASH**

# Sinners ဇာတ်ကား ပထမသီတင်းပတ်ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ ထိရှိနိုင်

**နယူးယောက် မေ ၂၁**

ဝါနာဘရားသား ကုမ္ပဏီ၏ Sinners အမည်ရှိထိတ်လန့်သည်းဖိုဇာတ်ကားသစ် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၅ သန်းနှင့် သန်း ၄၀ ကြားရှိနိုင်ကြောင်း မေ ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဝါနာဘရားသားကုမ္ပဏီသည် Sinners ဇာတ်ကားကို မေ ၁၇ ရက်တွင် ပွဲကြိုပြသခဲ့ရာ ၎င်းနေ့ တစ်ရက်တည်းမှာပင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းထိ ရရှိခဲ့သည်။


အဆိုပါ ဝင်ငွေအတိုင်းအဆအရ Sinners ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၅ သန်းမှ သန်း ၄၀ ထိရှိလာနိုင်ကြောင်း ဝါနာဘရားသားကုမ္ပဏီက ခန့်မှန်းထားသည်။

သဘာဝလွန်သွေးစုပ်ကောင် ဇာတ်ကားဖြစ်သည့် Sinners ဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာ ရိုင်ယန်ကိုးဂလားက ရိုက်ကူးပေးထားသည်။

Sinners ဇာတ်ကားသည် ၁၉၃၂ ခုနှစ်ကို ဇာတ်အိမ်တည်ထားပြီး ပထမကမ္ဘာစစ်မှ ရှင်သန်ခဲ့သော အမြွှာညီအစ်ကိုဇာတိမြို့သို့ ပြန်ရောက်ချိန်၌ ကြုံတွေ့ခဲ့ရသော ထိတ်လန့်ဖွယ်အဖြစ်အပျက်များကို ပုံဖော်ရိုက်ကူးထားသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား မိုက်ကယ်ဘီဂျော်ဒန်က နှစ်ကိုယ်ခွဲ သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**




# ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရူးခါတဲ့ဖူးစာအမည်ရှိ ရုပ်ရှင်ဇာတ်ကား မေလပထမပတ်တွင် ရုံတင်ပြသမည်




**ရန်ကုန် မေ ၂၁**

ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ရူးခါတဲ့ဖူးစာအမည်ရှိ ရုပ်ရှင်ဇာတ်ကားလာမည့်မေလ ပထမပတ်တွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကြီးတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အကယ်ဒမီရွှေထူးက ပြောပြ၍ သိရသည်။

အဆိုပါ ရူးခါတဲ့ဖူးစာအမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညာလက်တော်က ရေးဖွဲ့ထားပြီး မင်းကိုစိုး(နတ်သံကွင်း) က ဇာတ်ညွှန်းရေးညွှန်းထားကာ ပါဝါကင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ အကယ်ဒမီ ကိုဇော်(အရုဏ်ဦး)က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားလေးက အချစ်ဟာသ ဇာတ်မြူးလေးပါပဲ။ ဝါရင့်သရုပ်ဆောင်ကြီးတွေနဲ့ အပြိုင်ကြဲထားတဲ့ဇာတ်ကားလေးမို့ အားပေးစေချင်ပါတယ်"ဟု သရုပ်ဆောင် အကယ်ဒမီရွှေထူးက ပြောပြသည်။

အဆိုပါ ရူးခါတဲ့ဖူးစာအမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ ရွှေထူး၊ ငှက်ပျော်ကြော်၊ အကယ်ဒမီ ချြူးလေး၊ စင်သီယာ၊ ဒေါ်မြတ်မြတ်စမ်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ASH**

# Farmers harvest more than 7,000 acres of maize and sweet corns in Taze Township


Farmers harvesting corn.

**Taze April 21**

According to records from the Department of Agriculture in YeU District, a total of 7,414 acres of maize and sweet corn have already been harvested in Taze Township of Sagaing Region during this cold season planting period.

During this cold season in Taze Township, a total of 7,414 acres of seed maize and sweet corn were cultivated. Harvesting began in January this year, and to date, 4,288 acres of seed maize have been harvested, yielding an average of 50.25 baskets per acre. Meanwhile, 3,126 acres of sweet corn have produced over 13,000 corn cobs per acre.

"The cold season crops in Taze Township included 7,414 acres of seed maize and sweet corn. All of these crops have now been fully harvested. In order to ensure the success of the maize cultivation, we conducted educational campaigns and implemented pest and disease prevention measures," said U Zaw Myint Tun, Head of YeU District Agriculture Department.

For the farmers cultivating seed maize and sweet corn in Taze Township, the township's agriculture department provided training sessions, organized field demonstrations, implemented preventive measures against fall armyworms, and promoted integrated pest management methods. These included the use of neem-based pesticides and natural remedies such as ginger and chili to control pests and improve cultivation practices.

It is noted that the average yield of seed maize is over 50 baskets per acre, with a cultivation cost of around K500,000 per acre. For sweet corn, the yield is approximately 15,000 corn cobs per acre, with the cultivation cost exceeding K500,000 per acre. 206

# Myinmu Township harvests over 17,000 acres of winter sunflowers

**Myinmu April 21**

A total of 17,203 acres of sunflowers planted during the winter crops planting season have been harvested in Myinmu Township, Sagaing District, Sagaing Region, according to the statistics of the Department of Agriculture for Sagaing District.

In Myinmu Township, 17,203 acres of sunflowers were planted during the winter crops planting season, and the sunflower fields that were planted have been harvested since January this year. So far, 100 percent of the acres have been harvested, yielding 26.95 baskets per acre.

"In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil crop. Sunflower has more oil yield per acre than other peanuts and sesame. Sunflower is only planted in the winter," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

In Myinmu Township, the Township Agriculture Department has intensified educational training to expand sunflower cultivation, and has provided training to improve the performance of staff and sunflower farmers. 206


A sunflower plantation.

# YeU Township plants over 2,700 acres of winter green beans

**YeU April 21**

A total of 2,763 acres of green beans planted during the winter crops planting season have been harvested in YaU Township, YaU District, Sagaing Region, according to the statistics of the Department of Agriculture for YeU District.

In YeU Township, 2,763 acres of green beans were planted during the winter crops planting season, and the green beans were harvested since January this year. So far, 100 percent of the acres have been harvested, yielding 18.24 baskets per acre.

"There will be education on expanding green beans cultivation and on using good varieties for better yields," said U Zaw Myint Htun, head of the Department of Agriculture for YeU District.

In YeU Township, the Township Agriculture Department has been educating farmers who grow green beans on the importance of obtaining good and clean varieties that are suitable for the region, proper planting methods, pest control, systematic use of fertilizers, and good yields.

During this year's winter crops planting season, farmers were provided with the necessary seed, inputs, and post-harvest technology to increase the yield and quality of green beans.

206

# Over 970 sign "anti-tariff declaration" against Trump's tariff policy: media reports

**Beijing April 21**

Over 970 people, including dozens of the world's top economists have signed an "anti-tariff declaration" criticizing the tariff policy adopted by U.S. President Donald Trump's administration as "misguided" while warning of a potential "self-inflicted recession," reports by media outlets have said.

The letter, signed by renowned economists including Nobel laureates James Heckman and Vernon Smith, was circulated over the weekend, and by the dawn of Sunday, it had been signed by 976 individuals, the reports said.

In this "Trade and Tariffs Declaration: A Statement on the Principles of American Prosperity," the authors denounced Trump's "reciprocal" tariffs that are affecting more than 180 countries and regions around the world. The "reciprocal" tariff rates are "calculated using an erroneous and improvised formula with no basis in economic reality," the letter said.

On April 2, Trump announced sweeping tariffs against the U.S. trading partners, calling the day "liberation day." But only one week later, he ordered a 90-day pause on the highest tariffs while keeping a 10 percent baseline rate for most countries.

Trump's tariff policy has triggered massive sell-offs on stock markets, as well as retaliatory tariffs and other countermeasures by countries. "We anticipate that American workers will incur the brunt of these misguided policies in the form of increased prices and the risk of a self-inflicted recession," the letter said. Xinhua

# 12 killed, 30 injured in U.S. airstrikes on market in Yemen's capital: Houthis

**Sanaa April 21**

The death toll from fresh U.S. airstrikes on a crowded market in Yemen's capital Sanaa on Sunday evening has risen to 12, with at least 30 others wounded, Houthi-controlled health authorities said in a statement.

According to Houthi-run al-Masirah TV, the airstrikes targeted the Farwah market in the Shu'ub neighborhood, one of the busiest markets in Sanaa. Rescue operations are ongoing, with teams searching for survivors and victims beneath the rubble.

The strikes were part of a broader wave of U.S. airstrikes that hit multiple locations in and around Sanaa on Sunday, the Houthi media outlet added.

The incident came days after the deadly U.S. airstrikes on the Ras Isa fuel port in western Yemen late Thursday night that killed 80 people, wounded 170 others, and caused widespread damage to fuel storage infrastructure, leading to fuel spills into the Red Sea, according to local Houthi health officials.

Tensions between the Houthi group and the U.S. military have escalated since Washington resumed airstrikes on Houthi targets in Yemen on March 15 to deter the group from attacking Israel and U.S. warships in the Red Sea.

The Houthis, which control much of northern Yemen, said their attacks aim to press U.S.-backed Israel to stop the offensive against the Gaza Strip and allow the entry of humanitarian aid into the Palestinian enclave.

Xinhua

# More than 5,000 acres of maize and sweet corns harvested in Phaungpyin Township


Farmers harvesting maize in a field.

**Phaungpyin April 21**

According to records from the Mawlaik District Department of Agriculture, a total of 5,411 acres of maize and sweet corn have been harvested in Phaungpyin Township, Sagaing Region.

During the winter cropping season in Phaungpyin Township, 5,411 acres of maize and sweet corn were cultivated. Harvesting began in January this year, and as of now, all acres have been fully harvested. The yields recorded are 800 acres of maize, producing 48.82 baskets per acre, and 4,611 acres of sweet corn, producing over 19,000 cobs per acre.

"The winter cropping season in Phaungpyin Township allowed us to cultivate a total of 5,411 acres of maize and sweet corn. Currently, all these fields have been fully harvested. To ensure successful maize production, we have provided educational programmess and preventive measures against pests and diseases," said Daw Kywe Kywe Hlaing, the head of the Mawlaik District Agriculture Department.

The Township Agriculture Department has conducted training sessions, field demonstrations, and awareness programs on pest control for farmers cultivating grain maize and sweet corn in Phaungpyin Township. These programs include early prevention of the pests, integrated pest management techniques, and the proper use of pesticides for crops such as sesame, ginger, and chili.

In terms of yield and expenses, grain maize production in Phaungpyin Township yields over 50 baskets per acre, with a cultivation cost of around K500,000 per acre. Meanwhile, sweet corn production yields approximately 15,000 cobs per acre, with a cultivation cost exceeding K500,000 per acre. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 75,000 viss of Gutum fish sent by Kyaiklat to Yangon in February

**Kyaiklat April 21**

Daw Khin Khin Win, a seafood wholesale business owner from Kyaiklat Township, stated that a total of 75,000 viss of Gutum fish was transported and sold to the Yangon market from Kyaiklat Township of Ayeyawady Region during February.

In comparison, only 50,000 viss of Gutum fish were transported and sold to the Yangon market in January. However, the export volume increased to 75,000 viss due to strong demand in Yangon in February.

"We are exporting Gutum fish from Kyaiklat Township to Yangon and other regions. In February, we managed to sell up to 75,000 viss. Currently, the demand for locally sourced Gutum fish is high in the Yangon market. Prices depend on freshness, of course. With sales improving, both traders and workers are benefiting," said Daw Khin Khin Win.

Due to the steady demand for fish, including Gutum fish, and other aquatic products from Kyaiklat Township in the Yangon market, businesses such as truck rental services, fishermen, and labourers involved in transportation and handling are also experiencing stable job opportunities.

Kyaw Kyaw Lin


Gutum fish seen at a market.

# More than 4,000 acres of green gram harvested in Wetlet Township

**Wetlet April 21**

According to the statistics of Wetlet Township Agriculture Department, local farmers have harvested 4,550 acres of green gram in Wetlet Township of Sagaing Region.

During the winter crop planting season in Wetlet Township, green gram was cultivated on up to 4,550 acres of croplands. The harvested green gram fields have now been fully reaped since harvesting began in January this year, yielding an average of 18.50 baskets per acre.

Daw Kyin San, Head of Wetlet Township Agriculture Department stated, "A total of 4,550 acres of green gram was planted this season, and harvesting has now been fully completed. There will be educational initiatives to expand cultivation and promote the use of high-quality seeds to improve yields."

The Wetlet Township Agriculture Department has provided farmers with knowledge and support on selecting region-appropriate, high-quality seeds, following proper planting methods, preventing pest infestations, applying fertilizers correctly, and maximizing crop yields.

During this winter crop season, various types of beans were cultivated, and efforts were made in collaboration with farmers to ensure high productivity and quality. This included providing necessary high-quality seeds, fertilizers, and post-harvest techniques. 206


A thriving green gram plantation.

# Farmers harvest more than 5,000 acres of peanut in ChaungU Township

**ChaungU April 21**

According to records from the ChaungU Township Department of Agriculture, the harvesting of 5,950 acres of peanuts planted during the winter cropping season has been completed in ChaungU Township, Sagaing Region.

During the winter cropping season, up to 5,950 acres of peanuts were cultivated in ChaungU Township. The harvesting of these peanut fields began in January of this year, and as of today, 100 per cent of the cultivated area has been harvested. The yield per acre was recorded at 62.86 baskets.

"The winter cropping season in ChaungU Township saw peanut cultivation reaching up to 5,950 acres. At present, all the cultivated fields have been completely harvested. The planting area exceeded initial estimates, and peanut farming has been successful. As an oilseed crop, the peanut harvest has been quite successful, and peanut cultivation is improving year by year," said U Tint Swe, Head of the ChaungU Township Department of Agriculture.

In ChaungU Township, approximately 1.5 baskets of seeds are required per acre for peanut cultivation. The total production cost per acre, including seed expenses, labor costs, fertilizers, and pesticides, exceeds K200,000. The average yield per acre is reported to be over 50 baskets.

To ensure successful peanut farming, prevent pest and disease infestations, and maintain weed-free fields, officials from the Township Department of Agriculture conducted field inspections and recorded monitoring reports.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်သံချပ်ကာယာဉ် သရုပ်ပြပစ်ခတ်စမ်းသပ်ရန် ထုတ်ဖော်ပြသခဲ့



အမေရိကန်နိုင်ငံ၊ အရီဇိုးနားပြည်နယ်ရှိ Big Sandy စက်ပစ်ကွင်း၌ Pandur SHORAD (Short-Range Air Defense) တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် သံချပ်ကာယာဉ်သရုပ်ပြပစ်ခတ်စမ်းသပ်ရန် ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရွေ့လျားလေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို သရုပ်ပြသစမ်းသပ်ရန်အတွက် တိုက်ပွဲဝင်အသင့် ဖြန့်ကြက်ထားသည့် နောက်ဆုံးပေါ်စနစ်တစ်ရပ်ကို ထုတ်ဖော်ပြသခြင်းဖြစ်ပြီး ခေတ်သစ်စစ်မြေပြင် လေကြောင်းခြိမ်းခြောက်မှုများအတွက် ဒီဇိုင်းထုတ်ထားသော တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးနည်းပညာတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုကို အချက်ပြနေခြင်းလည်း ဖြစ်သည်။

ကုမ္ပဏီအနေဖြင့် လှုပ်ရှားစစ်ကစားမှုမြင့်မားကောင်းမွန်သော Pandur သံချပ်ကာယာဉ်ကို Moog Inc ကုမ္ပဏီထုတ် RIwP (Reconfigurable Integrated-weapons Plat-form) ဆိုလည်နှင့် ပေါင်းစည်း၍ အဆုံးအဖြတ်ပေးနိုင်သည့် ရွေ့လျားကာကွယ်ရေးစနစ်အဖြစ် ရည်ရွယ်ထုတ်လုပ်ထားသော SHORAD စနစ်တစ်ခုကို ထုတ်ဖော်ပြသ၍ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်၊ သံချပ်ကာယာဉ်သစ်အတွက် အရေးပါသောမှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးနည်းပညာထုတ်လုပ်ရေး ထိပ်တန်းကုမ္ပဏီများထဲမှတစ်ခုဖြစ်သော Moog Inc. မှ တီထွင်ထားသည့် RIwP turret သည် ယနေ့ဈေးကွက်တွင်ရရှိနိုင်သည့် ပြောင်းလွယ်ပြင်လွယ် အရှိဆုံး၊ အပေါ့စားလက်နက် စနစ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ဘက်စုံစစ်ဆင်ရေးအသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး မတူညီသော လက်နက်နှင့် အာရုံခံကိရိယာအမျိုးပေါင်း ၁၂၅ ခုကျော်ထိ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလိုအလျောက်ပစ် အမြောက်စနစ်များ၊ စက်သေနတ်များနှင့် ဒုံးကျည်များကဲ့သို့ အရွေ့စွမ်းအင်သုံးတိုက်ခိုက်ရေးစနစ်များမှသည် တိုက်ရိုက်စွမ်းအင်သုံး လက်နက်များနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သုံး မော်ဂျူးများကဲ့သို့ အရွေ့စွမ်းအင်သုံးမဟုတ်သော စနစ်များထိ ပေါင်းစပ်အသုံးပြုနိုင်စေမည်ဖြစ်သည်။ တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ် ဖွဲ့စည်းပုံတွင် 30mm XM914 အလိုအလျောက် ပစ်ခတ်နိုင်သော အမြောက်၊ စတင်ဂါဒုံးပစ်စင် နှစ်ခုနှင့် အဆင့်မြင့် EO/IR အာရုံခံကိရိယာများ ပေါင်းစပ်အသုံးပြုထားကာ ဝေဟင်နှင့် မြေပြင်ပစ်မှတ်များကို တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ဖြုတ်လွယ်၊ တပ်လွယ်စနစ်ခွဲများနှင့် လုပ်ဆောင်နိုင်မှုတို့သည် အနာဂတ်တွင် စနစ်တစ်ခုလုံး ကို အဆင့်မြှင့်တင်နိုင်မည်ဖြစ်သည်။ ထိုအချက်သည် ခေတ်သစ်စစ်မြေပြင်၌ တပ်ဖွဲ့ဝင်များအတွက် အဓိကအရေးပါလာသည့် အားသာချက်တစ်ခုလည်းဖြစ်သည်။

စနစ်၏အဓိကအရေးပါသည့် စွမ်းဆောင်ရည်မှာ RIwP ဆိုလည်တွင် ပရိုဂရမ် ရေးသားထည့်သွင်းထားသော လေကွဲကျည်များ အသုံးပြုပစ်ခတ်နိုင်ခြင်းပင်ဖြစ်ပြီး ၎င်းလေကွဲကျည်များသည် ဒရုန်းအုပ်များနှင့် ပုံဖျက်ဖုံးကွယ်ထားသောပစ်မှတ်များကို ဖော်ထုတ်တိုက်ခိုက်ရာတွင် လွန်စွာထိရောက်မှုရှိစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတိုးတက်ဖြစ်ထွန်း ပြောင်းလဲကျင့်သုံးလာမှုများအပေါ် တုံ့ပြန်နိုင်ရန် Pandur SHORADကဲ့သို့သော ယာဉ်တင်၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ဘက်မညီ ခြိမ်းခြောက်မှုများကို လိုက်လျောညီထွေဖြစ်စွာ အချိန်နှင့်တစ်ပြေးညီ အလျင်အမြန်၊ အလိုအလျောက် တုံ့ပြန်တိုက်ပွဲဝင်နိုင်မည့် ရွေးချယ်ရန်နည်းလမ်းများအဖြစ် မရှိမဖြစ် ပိုင်ဆိုင်ထားရန် လိုအပ်သော စွမ်းအားစုများဖြစ်လာခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ General Dynamics ကုမ္ပဏီ၏ Pandur SHORAD လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပါဝင်ပြသလာမှုသည် အနာဂတ်တွင် လျင်မြန်မှု၊ တိုက် စွမ်းအားနှင့် ရှင်သန်ရပ်တည်နိုင်မှုတို့ကို မဖြစ်မနေ ပေါင်းစည်းထည့်သွင်းနိုင်ရေး အာရုံစိုက်ထားကြောင်း အချက်ပြနေခြင်းဖြစ်ကြောင်း သိရသည်။

**GDLS Demonstrates Pandur SHORAD Next-Gen Air Defense with Moog RIwP turret in Live-Fire Demo ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားတပ်မတော်က Geran-2 တိုက်ခိုက်ရေးဒရုန်းများအတွက် မိုဘိုင်းလောင်ချာစနစ်သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့

ရုရှားတပ်မတော်သည် Geran-2 တိုက်ခိုက်ရေးဒရုန်းများအတွက် မိုဘိုင်းလောင်ချာစနစ်သစ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာနက ဧပြီ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ မိုဘိုင်းလောင်ချာစနစ်သစ်သည် ပထမဆုံး လူသိရှင်ကြား ထွက်ပေါ်လာခြင်းဖြစ်ပြီး ရုရှား၏ မောင်းသူမဲ့လေယာဉ်စနစ်များကို ရှေ့တန်းစစ်ဆင်ရေးများတွင် ကျယ်ကျယ်ပြန့်ပြန့် တပ်ဖြန့်အသုံးပြုနေမှုကို အလေးပေးဖော်ပြလျက်ရှိသည်။

၎င်းအချက်သည် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ လိုက်လျောညီထွေဖြစ်မှုနှင့် လက်ရှိဖြစ်ပွားနေဆဲ ပဋိပက္ခများ၊ အထူးသဖြင့် ရုရှား-ယူကရိန်း အထူးစစ်ဆင်ရေးမှ သင်ခန်းစာဖော်ထုတ်ရရှိချက်များအရ ခေတ်သစ် စစ်နည်းဗျူဟာများ ပြောင်းလဲကျင့်သုံးလာနိုင်မှုကို ဖော်ညွှန်းနေခြင်းလည်း ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံထုတ် Geran-2 တိုက်ခိုက်ရေးဒရုန်းသည် အီရန်ထုတ် Shahed-136 အပေါ်တွင် အခြေခံထားခြင်းဖြစ်သည်ဟု ယူဆထားကြသည်။ မကြာသေးမီက ရုရှား၏ ယူကရိန်း အထူးစစ်ဆင်ရေးများတွင် ရှေ့တန်းကျကျ လက်စွမ်းပြခဲ့သည့် Delta-Wing တောင်ပံတပ် ကာမီကာဇီ ဒရုန်းအမျိုးအစားလည်း ဖြစ်သည်။ အီရန်နိုင်ငံ ဒီဇိုင်းဖြစ်သော်လည်း ရုရှားနိုင်ငံက ပြည်တွင်း၌ အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားနိုင်ဖွယ်ရှိသည်။ ကုန်ကျစရိတ်သက်သာမှု၊ ရိုးရှင်းလွယ်ကူစွာ တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုနှင့်တာဝေးတိုက်ခိုက်နိုင်စွမ်းတို့ကြောင့် ၎င်းဒရုန်းအမျိုးအစားနှစ်ခုစလုံးသည် ရေပန်းစား၊ လူကြိုက်များကြကြောင်း သိရသည်။

အသစ်ထုတ်လုပ်ထားသည့် ဒရုန်းပစ်လွှတ်နိုင်သော မိုဘိုင်းလောင်ချာစနစ်သည် KamAZ-6350 8x8(ရှစ်ဘီးတပ်)စစ်သုံးထရပ်ကားကို အခြေခံထားသည်။ ရှေ့တန်းစစ်မြေပြင်များသို့ တပ်ဖြန့်အသုံးပြုနိုင်ရန် ယာဉ်မောင်းခန်းကို သံချပ်ကာဖြင့် ပြုလုပ်ထားသည်။ ထရပ်ကား၏နောက်ဘက်တွင် Geran-2 ဒရုန်းများကို ပစ်လွှတ်ရန်အတွက် ဒရုန်းတပ်ဆင်ပစ်လွှတ်စင် တစ်ခုတည်းပါရှိပြီး Geran-2 နှစ်စင်း တင်ဆောင်ထားသည်။ Geran-2 တိုက်ခိုက်ရေးဒရုန်းများကို မိုဘိုင်းလောင်ချာစနစ်များနှင့် ပေါင်းစည်းအသုံးပြုခြင်းသည် ခေတ်မီစစ်မြေပြင်တွင် နည်းဗျူဟာမြောက် အားသာချက်များကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ ဒရုန်းပစ်လောင်ချာ စနစ်ကို လျင်မြန်စွာ တပ်ဖြန့်နေရာချထားနိုင်မှုသည် ရန်သူ့ဘက်မှ တန်ပြန်ပစ်မှတ်ထားတိုက်ခိုက်ရန် အခက်အခဲရှိစေမည်ဖြစ်ကာ ရှင်သန်ရပ်တည်နိုင်စွမ်းကို မြင့်မားကောင်းမွန်စေမည်ဖြစ်ကြောင်း သိရသည်။



ရုရှားနိုင်ငံသည် မောင်းသူမဲ့စနစ်သုံးယာဉ်များ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုမှုကို လိုက်လျောညီထွေဖြစ်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းမိုဘိုင်းဒရုန်းပစ်လောင်ချာကို ထုတ်ဖော်ပြသခြင်းသည် ခေတ်သစ်ပဋိပက္ခ၏တောင်းဆိုချက်များအပေါ် တုံ့ပြန်ရန်အတွက် ဒရုန်းစစ်ဆင်ရေး၏ တိုက်စစ်အဟုန်ကို ရွေ့လျားစစ်ကစားနိုင်မှုဖြင့် ပေါင်းစည်းလုပ်ဆောင်လာခြင်းပင်ဖြစ်ကြောင်း သိရသည်။

**Exclusive: Russia Develops New Drone Warfare Tactics with Unveiling of Truck-Mounted Geran-2 Loitering Munition Launcher ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဟုမ္မလင်းခရိုင်တွင် မြေပဲကေအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ကေလျှင် ၅၀ ဒသမ ၆၁ တင်းထွက်ရှိ



**ဟုမ္မလင်း မေ ၂၁**

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ကေအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၄၅၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၅၀ ဒသမ ၆၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဟုမ္မလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၉၄၅၇ ကေထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။မြေပဲစိုက်ပျိုးမှုအနေနဲ့ကောဆီထွက်သီးနှံအနေနဲ့ကောအောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်"ဟု ဟုမ္မလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးကပြောပြသည်။

ဟုမ္မလင်းခရိုင်တွင် မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ဟုမ္မလင်းခရိုင်တွင် မြေပဲစိုက်ပျိုးရာ တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါကတင်း၅၀ကျော်ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ဇလွန်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဇလွန် မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ဒေသထွက်ဖရဲသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

ဇလွန်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများသည် ယခုနှစ် မေလ ပထမပတ်မှစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဖရဲသီးများကို ဒေသဈေးကွက်အပြင် အခြားဒေသများဖြစ်သည့်ပုသိမ်၊ကျောင်းကုန်း၊ချောင်းသာ၊ငွေဆောင်စသည့် ဒေသများကပါ ဝယ်ယူနေခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဖရဲသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိဒေသထွက်ဖရဲသီးတွေကို အခြားမြို့တွေဘက်က အဝယ်လိုက်နေပါတယ်။ ဒါကလဲ ဒီဘက်ကိုအခြားဒေသကဖရဲသီးတွေ အဝင်နည်းနေတာကြောင့်လို့ ပွဲရုံလုပ်ငန်းရှင်တွေပြောပြချက်အရ သိရပါတယ်။ အခုနှစ် ဒေသထွက် ဖရဲသီးကလဲ အထွက်နှုန်းက အရမ်းမထွက်ပေမဲ့ ရောင်းပန်းလှ အရည်အသွေးလဲကောင်းမွန်ပါတယ်'' ဟု ဇလွန်မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။



ဇလွန်မြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာတွင် ဒေသခံ ၁၀၄ ဦးမှ တစ်ဦးလျှင် တစ်ကေမှ ငါးကေထိ စိုက်ပျိုးထားကြောင်း၊ လက်ရှိ ဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀ မှ ၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဇလွန်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ် ခရိုက္ခနိကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့မှူး မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ငွေကြေးအရင်းအနှီးရရှိပြီး မိသားစု စားဝတ်နေရေးကို အထောက်အကူပြုနိုင်ရန်အတွက် ခရိုက္ခနိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ၁၁ ကြိမ်မြောက်ထုတ်ချေးပေးခြင်းကို မေ ၂၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်းကို ခရိုက္ခနိကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များကကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းစီမံကိန်းအသင်းဝင်၂၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေဖြင့်လုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး



**စလင်း မေ ၂၁**


မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများသည် ပေါက်ရင်းကုန်း ကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုမေ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည် ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ရေးသွင်းထားရှိမှုရှိမရှိ၊ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကိုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါပုလဲကုန်းကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခု စတုတ္ထနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စု(၁၂၀) အတွက်ငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေ တစ်ဖက်တစ်လမ်းမှ ပိုမိုတိုးပွားလာစေရန် ငွေကြေးသာမက အခြားလိုအပ်သော အကူအညီများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးလျက် ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့





**ရှေ့ဖုံးမှအဆက်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးတို့မှ ဝန်ထမ်းမိသားစုများအတွက် ယာယီပြောင်းရွှေ့နေရာချထားပေးမှုအခြေအနေများကို ယနေ့ညနေပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အဆောက်အအုံ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အဆောက်အအုံ ထိခိုက်ပျက်စီးခဲ့မှုအခြေနေများ၊ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကိုရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးချုပ်က ငလျင်ဒဏ်သင့် အဆောက်အအုံများ ပြုပြင်ရေးဆောင်ရွက်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အထူးအလေးထားဆောင်ရွက်ရန်၊အဆောက်အအုံများကို သတ်မှတ်ထားသည့် SOP နှင့်အညီ ရေရှည်ခိုင်ခံ့မှုအတွက် ပြုပြင်တည်ဆောက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်သည့် သပြေ(၁) အဆောင်များသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြုပြင်ဆောင်ရွက်မှု၊ ဝန်ထမ်းများကို ပြန်လည်နေရာချထားပြီး နေထိုင်မှုအခြေအနေတို့ကိုကြည့်ရှု၍ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိအားကစားကွင်းမြေနေရာရှိ ယာယီစခန်းအတွက် လျှပ်စစ်မီးပေးနိုင်ရေး Transformer အသစ်တပ်ဆင်နေရာချထားမှုကို ကြည့်ရှုစစ်ဆေးပြီး ၎င်းနေရာရှိဝန်ကြီးဌာနများက ဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် UAB Foundation မှ ယာယီစခန်းတည်ဆောက်နေမှု၊ နေထိုင်စားသောက်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးထားမှု၊ သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငလျင်ဒဏ်ကြောင့် နေထိုင်ရန်အခက်အခဲရှိသည့် ဝန်ထမ်းများနှင့်မိသားစုများအတွက် စီစဉ်ပေးထားသည့် ယာယီကယ်ဆယ်ရေးစခန်းများနှင့်ယာယီနေရာချထားသည့်နေရာ ကိုးခုသို့ လျှပ်စစ်ဓာတ်အားရရှိရေးစီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းဦးရေ ၅၆၀ တို့ဖြင့် ဓာတ်အားရရှိနိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် နေပြည်တော်ကောင်စီနယ်မြေတွင် ၉၉ ဒသမ ၇ ရာခိုင်နှုန်းနှင့် မန္တလေးတိုင်းဒေသကြီးတွင် ၉၉ ဒသမ ၉၈ ရာခိုင်နှုန်း၊ စစ်ကိုင်းမြို့တွင် ၉၇ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး၍ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် တာဝန်ရှိသူများနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအတွက် ယာယီစခန်း(၂)အဖြစ်ဖွင့်လှစ်ထားသည့် ဒက္ခိဏသီရိမြို့နယ်ရှိ ကျောက်မျက်ရတနာပြခန်းဝင်းနေရာသို့သွားရောက်၍ ယာယီစခန်းဖွင့်လှစ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက် စီစဉ်ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ သန့်ရှင်းသည့်သောက်သုံးရေရရှိစေရေး၊ အစားအသောက်များသန့်ရှင်းမှုရှိစေရေး၊ ကျန်းမာရေးအတွက် အထူးဂရုပြုနေထိုင်ရေးတို့မှာကြားပြီး ဝန်ထမ်းများနှင့်မိသားစုဝင်များကို အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီးရုံးမှ ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအတွက် ယာယီနေထိုင်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးထားသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဓာတ်မြေဩဇာများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ



နေပြည်တော် ဧပြီ ၂၁

ယခုအချိန်သည် ငလျင်ဒဏ်အလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းအပြင် ပွင့်လင်းရာသီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကိုပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိပြီး ယခု တန်ချိန် ၂၄၀၀ တင်ဆောင်လာသည့် ရေယာဉ်သည် ရန်ကုန်မြို့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတဆိပ်ခံတံတားသို့ ဧပြီ ၂၀ ရက် ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့သဖြင့် ယနေ့နံနက်ပိုင်း၌ ဈေးကွက်အတွင်းဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သောဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့်ရေယာဉ်များပါ အပတ်စဉ်ဆက်လက် ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# လျှော်ဒဏ်သင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်ရမည့် အပြာရောင်တိုက်များနှင့် ယာယီ Basha ဆောက်လုပ်မည့်မြေနေရာများသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒေါ်နုမြဖိ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လျှော်ဒဏ်သင့်ခဲ့သည့် ပျက်စီးမှုအနည်းငယ်ရှိသော အပြာရောင်အဆင့်ရှိ တိုက်အမှတ် ၁၁၁၂၊ တိုက်အမှတ် ၂၃၁၀၄၊ တိုက်အမှတ် ၃၃၁၁၃ တို့သို့ သွားရောက်၍ အပေါ်ယံအင်္ဂတေကွာကျမှုအခြေအနေများ၊ အသေးစားပြန်လည်ပြင်ဆင်ရန် လိုအပ်မှုအခြေအနေများ၊ လျှပ်စစ်မီးရရှိမှု၊ ရေရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုင်စင်ရအင်ဂျင်နီယာဖြင့် စနစ်တကျစစ်ဆေးပြုပြင်မှုများ အမြန်ဆောင်ရွက်ရန်၊ လျှပ်စစ်မီးမရရှိသေးသည့် တိုက်အမှတ် ၂၃၁၀၄ တွင် လျှပ်စစ်မီးရရှိရေး၊ ရေမရရှိသေးသည့်တိုက်များသို့ ရေကားများဖြင့် ရေဖြန့်ဝေပေးရေးတို့ကို အမြန်စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဝန်ထမ်းများနေထိုင်နိုင်သည့် အခန်းများတွင် ဝန်ထမ်းများနေထိုင်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဖြစ်ပေါ်လာသောအခြေအနေအပေါ် အကောင်းဆုံးဖြစ်အောင်စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်များမှာ မမျှော်လင့်သော်လည်း ကြုံတွေ့နေရမည်ဖြစ်ကြောင်း၊ မိမိတို့အားထားရမည့်အရာမှာ မိမိတို့ပြုမူဆောင်ရွက်သည့် ကုသိုလ်ကောင်းမှုမှတစ်ပါး အခြားမရှိနိုင်ကြောင်း၊ကုသိုလ်ကောင်းမှုအမြဲပြုလုပ်ကြရန်နှင့်သဘာဝဘေးအန္တရာယ်ကိုကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားသွားကြရန်ဖြစ်ကြောင်း စသည်ဖြင့် အားပေးစကားပြောကြားပြီး ယာယီ Basha တဲများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်နေမှုအခြေအနေ၊ ဝန်ထမ်းမိသားစုများရွှေ့ပြောင်းပေးမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ လျှော်ဒဏ်သင့်ဝန်ထမ်းများယာယီရွှေ့ပြောင်းနေထိုင်ရန် ရုံးအမှတ် ၃၁၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနပိုင်မြေနေရာတွင် Basha တဲများ ဆောက်လုပ်နိုင်မည့်မြေနေရာကို အသေးစိတ်လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက Basha တဲဆောက်လုပ်နိုင်ရန်အတွက် မြေညှိရမည့် အခြေအနေများ၊ရေ၊ မီး၊ မိလ္လာဆောင်ရွက်ပေးမည့်အခြေအနေများ၊ Basha တဲများဆောက်လုပ်ရာတွင် ဆောက်လုပ်မည့်ပတ်ဝန်းကျင်ရှိ အရိပ်ရသစ်ပင်ကြီးများကို ခုတ်ထွင်ရှင်းလင်းခြင်းမပြုဘဲ ယာယီ Basha တဲများဆောက်လုပ်ရန်၊ Basha တဲဆောက်လုပ်မည့်မြေနေရာများကို siteplan ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများယာယီရွှေ့ပြောင်းနေထိုင်နိုင်ရန်အတွက် Basha တဲဆောက်လုပ်မည့် ခနသိဒ္ဓိရပ်ကွက်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်ပရိဝုဏ်အတွင်း၌ စက်ယန္တရားဖြင့် မြေညှိနေမှုများကိုကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒက္ခိဏသီရိမြို့နယ်ရှိ မဟာပရဟိတဖွံ့ဖြိုးရေးဥယျာဉ်အတွင်း၌ သာသနာရေးဦးစီးဌာနဝန်ထမ်းများယာယီရွှေ့ပြောင်းနေထိုင်နိုင်ရန်အတွက် Basha တဲဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်မီးရရှိမှုအခြေအနေ၊ ရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောက်ဆည်စက်မှုနယ်မြေရှိ ဘိလပ်မြေစက်ရုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်စက်မှုနယ်မြေရှိ သံတော်မြတ်ကုမ္ပဏီလီမိတက်၏ ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံက လျှပ်လှုပ်ခတ်မှုကြောင့် မီးသင်းဖိုအဆောက်အအုံ၊ ဗဟိုဓာတ်ခွဲခန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်အလုပ်ရုံ၊ ဘိလပ်မြေကြိတ်အလုပ်ရုံများ ပျက်စီးခဲ့မှုအခြေအနေ၊ စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်မှုများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်က ပြင်းထန်သည့် မန္တလေးလျှော်လှုပ်ခတ်မှုကြောင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ကျောက်ဆည်မြို့၊နေပြည်တော်တို့ရှိ ပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ အစိုးရရုံးအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ၊ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများ များစွာထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အဆိုပါထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ များစွာလိုအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံ၊ သံမဏိစက်ရုံများ၊ အမိုး၊ အမိုးပြားစက်ရုံများ၊ အထပ်သားစက်ရုံများ၊ အုတ်စက်ရုံများစက်စွမ်းအားပြည့်ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်ချက်များကိုကူညီဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးရန် လမ်းညွှန်မှုပြုထားကြောင်း၊ ထို့ကြောင့် စက်ရုံ၏ ထိခိုက်ပျက်စီးမှုများနှင့် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်လာရောက်ခြင်းဖြစ်ကြောင်း၊ စက်ရုံကိုအမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်ခြင်းသည် ပြည်သူများ၏ လိုအပ်ချက်များကိုကူညီဖြည့်ဆည်းနိုင်ရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စက်ပစ္စည်းကိရိယာများစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကိုအမြန်ဆုံးပြီးစီးရေးအတွက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်ချက်များကိုအချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်းတင်ပြစေလိုကြောင်းမှာကြားပြီး စက်ရုံအတွင်း လျှော်ကြောင့်ထိခိုက်ပျက်စီးခဲ့မှုနှင့် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြံ့နှစ်ကောင် ဘိလပ်မြေစက်ရုံတွင် တစ်နေ့လျှင် ဘိလပ်မြေတန်ချိန် ၅၀၀၀ စီ ထုတ်လုပ်နိုင်သည့် လိုင်းနှစ်လိုင်းတပ်ဆင်ထားရှိပြီး ကုန်ထုတ်လိုင်း တစ်လိုင်းကို မေ ၁၅ ရက်တွင် ပြန်လည်လည်ပတ်နိုင်ရေး ဦးတည်၍ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနနှင့် Myanmar Conch Cement Co.,Ltd တို့ အကျိုးတူပူးပေါင်း၍ ဘိလပ်မြေများ ထုတ်လုပ်လျက်ရှိသည့် အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)သို့ရောက်ရှိပြီး လျှော်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မီးသင်းဖိုအားပြုပြင်နေမှုအခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများအား စစ်ဆေးပြုပြင်နေသည့် ကျွမ်းကျင်ပညာရှင်များကို သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်း၊ အဆောက်အအုံများကိုသတ်မှတ်အချိန်တွင် ပြီးစီးရေးအတွက် လက်တွေ့ကျသည့် အစီအမံများရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအားသတ်မှတ်ချိန်မတိုင်မီလည်ပတ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို နေ့ဆိုင်း၊ ညဆိုင်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံအတွင်း ပျက်စီးခဲ့သည့်အခြေအနေများကို သင်ခန်းစာဖော်ထုတ်၍ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်သည် လျှော်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည့်အချိန်ဖြစ်သဖြင့် ဘိလပ်မြေများ ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံပြန်လည်လည်ပတ်ရေးဆောင်ရွက်နေသည့် လုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေများကို စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)သို့ရောက်ရှိပြီး လျှော်လှုပ်ခတ်မှုကြောင့် စက်ရုံအတွင်းပျက်စီးခဲ့သည့်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြိုကျခဲ့သည့်အဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနိုင်ရေးစီမံဆောင်ရွက်ရန်နှင့် ဘေးအန္တရာယ်မဖြစ်ပွားစေရေး သတိပြုဆောင်ရွက်ရန်၊ အန္တရာယ်ရှိအဆောက်အအုံများကိုလည်း သတိပေးဆိုင်းဘုတ်များတပ်ဆင်ထားရန်၊ လျှော်လှုပ်ခတ်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဝန်ထမ်းများကို ကျန်းမာရေးကောင်းမွန်သည်ထိ ဆေးဝါးကုသမှုရရှိစေရေးဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှောင်ဒဏ်သင့် ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် ယာယီဘာရှာအဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုး တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အနီး ထိန်းသိမ်းရေိယာ၌ လျှောင်ဒဏ်သင့် ဝန်ထမ်းအိမ်ထောင်သည် ၁၀၈ ဦးနှင့် ယင်း တို့၏မိသားစုဝင် ၁၅၂ ဦး၊ လူပျို၊ အပျို ၇၂ ဦး စုစုပေါင်းဝန်ထမ်းဦးရေ ၁၈၀ တို့ ယာယီ နေထိုင်ရန် ယာယီဘာရှာအဆောက်အအုံ များ ဆောက်လုပ်နိုင်ရေး ပြင်ဆင်ဆောင် ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူက ဆောင်ရွက် မည့်အစီအစဉ်နှင့် မြေနေရာရှင်းလင်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ရေ၊ မီးအဆင်ပြေစေရေး၊ မိုး ကာလသွားလာရန် လမ်းများကောင်းမွန် အောင် ဆောင်ရွက်ရေး၊ သန့်စင်ခန်းများ စနစ်တကျဖြစ်ရေး၊ မီးတားလမ်း ဆောင် ရွက်ရေးနှင့် ရေစီးမြောင်းများ ဆောင်ရွက် ရေး၊ လုံခြုံရေးနှင့်စပ်လျဉ်း၍ လိုအပ်သည် များကို မှာကြားပြီး အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာ ဆောင်ရွက် နေမှုကိုကြည့်ရှုကာ တာဝန်ရှိသူများအား အမြန်ပြီးစီးအောင် တည်ဆောက်ကြရန် မှာကြားသည်။



ဆက်လက်၍ ယာယီမိုးကာတဲဖြင့် နေရာချထားသော မိသားစုများ နေထိုင်မှု ကို လိုက်လံကြည့်ရှု၍ မိသားစုများအား အားပေးစကားပြောကြားပြီး လိုအပ် သည်များကို မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

### ❑ တက္ကသိုလ်ဝင်စာမေးပွဲမှအဆက်

၂။ ယခင် ၂၀၂၅ ခုနှစ် မတ်လအတွင်းကစစ်ဆေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာရပ်အားလုံး ဖြေဆိုခဲ့သူများကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် စာစစ်ဌာနများတွင် ကြေညာပေးမည် ဖြစ်ပါသည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အထက(မင်းကင်း)၊ အထက(ပန်ဆက်)၊ အထက(၁)တမူး၊ အထက(၂)ရွှေဘို၊ အထက(၁)ရေဦး၊ အထက(ဗန်းမောက်)၊ အထက(ဝန်းသို)၊ အထက(မော်လိုက်)၊ အထက(ကင်းတပ်) နှင့် အထက(အရာတော်) စာစစ်ဌာနများတွင် ဖြေဆိုခဲ့သူများသည် ပြန်လည်ဖြေဆိုရန် မလိုပါ။

၄။ ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော စာစစ်ဌာနများအနက် အောက်ဖော်ပြပါဇယားရှိ စာစစ်ဌာနများ သည် ယှဉ်တွဲဖော်ပြထားသော ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာနများတွင် ဖြေဆိုရမည်ဖြစ်ပြီး ဤဇယား တွင် မပါဝင်သော ကျန်စာစစ်ဌာနများမှာ မူလစာစစ်ဌာနများ၌သာ ဖြေဆိုရပါမည်-

**စစ်ကိုင်းတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅မတ်လတွင်ဖြေဆိုခဲ့သည့် စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |
| ၂ | အထက-၃၊ စစ်ကိုင်း | စစ်ကိုင်းပညာရေးတက္ကသိုလ် |

**မန္တလေးတိုင်းဒေသကြီး**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့်စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက-၁၃၊ မန္တလေး | အထက-၁၃၊ အထက-၃၊ အထက(ခွဲ)-၈၊ မန္တလေး |
| ၂ | အထက(ခွဲ)-၂၊ မန္တလေး | အထက(ခွဲ)-၂၊ အထက(ခွဲ)-၁၂၊ မန္တလေး |
| ၃ | အထက-၁၂၊ မန္တလေး | အထက-၁၂ ၊ အထက-၁၆၊ မန္တလေး |
| ၄ | အထက-၇၊ မန္တလေး | အထက-၇ ၊ အထက-၃၄၊ မန္တလေး |
| ၅ | အထက-၂၆၊ မန္တလေး | အထက(ခွဲ)-၁၃ ၊ အထက(ခွဲ)-၃၊ မန္တလေး |
| ၆ | အထက-၃၀၊ မန္တလေး | အထက-၂၈ ၊ အထက-၃၀၊ မန္တလေး |
| ၇ | အထက-၂၇၊ မန္တလေး | အထက-၂၇ ၊ အလက-၁၁၊ မန္တလေး |
| ၈ | အထက-၈၊ မန္တလေး | အထက-၈၊ အထက-၂၅၊ အထက-၃၇၊ မန္တလေး |
| ၉ | အထက-၁၁၊ မန္တလေး | အထက-၁၇၊ မန္တလေး |
| ၁၀ | အထက-၂၀၊ မန္တလေး | အထက-၅ ၊ အထက-၁၆၊ မန္တလေး |
| ၁၁ | အထက၊ ပုသိမ်ကြီး | အထက၊ ကျောက်မီး |
| ၁၂ | အထက၊ မတ္တရာ | အထက၊ မြို့သစ် |
| ၁၃ | အထက-၁၊ အမရပူရ | အထက-၂ ၊ အမရပူရ |
| ၁၄ | အထက-၁၊ ကျောက်ဆည် | အထက-၁၊ အထက-၂၊ ကျောက်ဆည် |
| ၁၅ | အထက၊ စဉ့်ကိုင် | ကျောက်ဆည်တက္ကသိုလ် |
| ၁၆ | အထက၊ မြစ်သား | အထက(စက်၊စိုက်၊မွေး)၊ မြစ်သား |
| ၁၇ | အထက-ကူမဲ၊ မြစ်သား | အထက-သာလွန်၊ မြစ်သား |
| ၁၈ | အထက၊ နွားထိုးကြီး | အထက-ဟံမြင့်မိုရ်၊ ကျောက်ဆည် |
| ၁၉ | အထက၊ ဝမ်းတွင်း | အထက-သဲတော၊ ဝမ်းတွင်း |

**နေပြည်တော်ကောင်စီနယ်မြေ**

| စဉ် | ၂၀၂၅ မတ်လတွင်ဖြေဆိုခဲ့သည့် စာစစ်ဌာန | ပြောင်းလဲဖြေဆိုရမည့် စာစစ်ဌာန |
|---|---|---|
| ၁ | အထက၊ ငန်းစပ် | အထက(ခွဲ)-ကျွဲရှင်း |
| ၂ | အထက(၁၂)၊ ဥတ္တရသီရိ | အထက(၁၂)၊ အထက(ခွဲ)-ရွှေနံ့သာ |
| ၃ | အထက၊ ကျည်တောင်ကန် | အထက(ခွဲ)-မင်္ဂလာဒီပ |
| ၄ | အထက-၁၊ ပျဉ်းမနား | အထက-၂၊ ပျဉ်းမနား |
| ၅ | အထက၊ သစ်လေးလုံး | အထက-၅၊ ပျဉ်းမနား |
| ၆ | အထက၊ ညောင်ပင်သာ | အထက-၅၊ ပျဉ်းမနား |
| ၇ | အထက-၇၊ ဇမ္ဗူသီရိ | အထက-၅၊ ဇမ္ဗူသီရိ |
| ၈ | အထက-၁၊ လယ်ဝေး | အထက-၁၊ အထက-၂၊ လယ်ဝေး |
| ၉ | အထက၊သာဝတ္ထိ | အထက-သာဝတ္ထိ၊ အထက-ပျံချီ |
| ၁၀ | အထက-၁၈၊ ဒက္ခိဏသီရိ | အထက(ခွဲ)-ရန်အောင်မြင် |

၅။ ယခုပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ဖြေဆို ရမည့် စာစစ်ဌာနများတွင် သက်ဆိုင်ရာတက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများထံမှ ၁-၆-၂၀၂၅ ရက် မှ ၁၅-၆-၂၀၂၅ ရက်အတွင်း တိုက်ရိုက်ထုတ်ယူရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ် ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက် များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး နှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင် ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင် သောမီးသတ်ဆေးဘူးများ ကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတား လမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်း ကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက လက်ခံရယူစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီး ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့၌ မလေးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် စစ်ကိုင်းမြို့ လူနေအဆောက်အအုံများ ပျက်စီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ကျောဖုံးမှအဆက်

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် စစ်ကိုင်းတပ်နယ်မှ တာဝန်ရှိသူ များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီး ခဲ့သည့် စစ်ကိုင်းမြို့ စီတီးရပ်ကွက် ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်း၊ အိုးဘို ရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်နေရာ များသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးရှိ ငလျင်ဒဏ်သင့် ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများအား တိုင်း ဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ဆန်၊ ဆီနှင့် စားသောက် ဖွယ်ရာများကို နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက လက်ခံရယူ သည်။ ထို့နောက် စစ်ကိုင်းမြို့ ပါရမီ ရပ်ကွက်ရှိယာယီဆေးရုံ၌ မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ ကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ခရိုင် တရားရုံး၊ ခရိုင်ဥပဒေရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့လည်း ကောင်း၊ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ လည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်သို့လည်း ကောင်း သွားရောက်၍ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ် ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်ရှိ Sky Villa နေရာ၊ ချမ်းအေးသာစံ မြို့နယ်ရှိ Golden City Hotel နေရာနှင့် တိုင်းဒေသကြီးသမဝါယမဦးစီးမှူးရုံးနေရာ များသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေး ပြီး စားသောက်ဖွယ်ရာများ ပေးအပ်က တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ် ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်၊ အမရပူရ မြို့နယ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက် နှင့် ရွှေအိုးရရွှေဖားရကျောင်းတိုက်တို့သို့ လည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်း ကျောင်းသို့လည်းကောင်း သွားရောက်၍ ကျောင်းတိုက်ဆရာတော်များအား ဖူးမြော် ကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေ မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် သည် တာဝန်ရှိသူများ လိုက်ပါလျက် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အတူလိုက်ပါ၍ မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ် နှင့် နည်းပညာရှင်များ၊ တာဝန်ရှိသူများဖြင့် အစည်းအဝေးပြုလုပ်ရာ ကျောက်သေတ္တာ ကြီး မူလအခြေအနေမှတိမ်းစောင်းသွားမှု အခြေအနေ၊ လက်ရှိတည်ရှိနေမှုအခြေ အနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ဆက်လက် ဆောင်ရွက်ရမည့်နည်းလမ်းများ ဆွေးနွေး ဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့မှ တာဝန် ရှိသူများ၊ မြို့မိမြို့ဖများ၊ ဂေါပကအဖွဲ့ဝင် များနှင့်တွေ့ဆုံ၍ ကျောက်သေတ္တာစေတီ မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ၊ အလှူငွေ ရရှိ၊ ထိန်းသိမ်း၊ စီမံခန့်ခွဲရေးလုပ်ငန်း များ၊ ကျောက်ဆည်မြို့မဈေးကြီးသည် လတ်တလောဖွင့်လှစ်နိုင်ခြင်း မရှိသေး သဖြင့် စည်ပင်သာယာရေးပိုင်နယ်နိမိတ် ဖြစ်သော ဖောင်းရွာရပ်ကွက် ၂၀ ဒသမ ၅၆ မြေကွက်အကျယ်ရှိဖောင်းရွာကွင်း၌ ယာယီ ဈေးဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေးကိစ္စရပ် များကို အသေးစိတ်ဆွေးနွေးဆောင်ရွက် ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကူမဲမြို့နယ် အခြေခံ ပညာအထက်တန်းကျောင်း (လမ်းခွ)နှင့် အခြေခံပညာအထက်တန်းကျောင်း (ကူမဲ) ကျောင်းတို့သို့ သွားရောက်စစ်ဆေးပြီး ယခုနှစ် ပညာသင်နှစ်တွင် စာသင်ကျောင်း များအလိုက် ကျောင်းအပ်လက်ခံမည့် ကျောင်းသား၊ ကျောင်းသူခန့်မှန်းအင်အား အတိုင်း စာသင်ဆောင်များ လုံလောက်မှုရှိ စွာဖြင့် ပညာသင်ကြားနိုင်ရေးနှင့် ပျက်စီး သွားသော စာသင်ဆောင်များ အမြန်ပြုပြင် နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြ ၍ ညွှန်ကြားမှုခံယူသွားရန်၊ ပရိဘောဂ ပစ္စည်းများနှင့် စာသင်ခုံများ စနစ်တကျ ပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန်၊ မန္တလေး ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောက်ဆည် ခရိုင်အတွင်းရှိ ထိခိုက်ပျက်စီးသွားသော စာသင်ကျောင်းများမှ အပျက်အစီးများကို ဧပြီ ၂၂ ရက်အပြီး ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ထို့နောက် မြစ်သားမြို့နယ် ကူမဲမြို့ရှိ ရွှေဘုံသာစေတီ၌ ပြိုကျပျက်စီးခဲ့သော ဘုရားစေတီများ၊ သာသနိကအဆောက် အအုံများကို သွားရောက်ကြည့်ရှုပြီး ပြန်လည်ပြုပြင်မွမ်းမံမည့် အစီအမံများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

# ဧပြီလ တတိယ ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၉၅ ဒီဂရီဖာရင်ဟိုက်မှ ၁၀၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၄ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၃၄ မီလီမီတာမှ ၄၃ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၄၄ မီလီမီတာမှ ၅၃ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၅၄ မီလီမီတာမှ ၆၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီးတွင်(စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ခြောက်သွေ့)အခြေအနေအသီးသီးရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို



တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား စစ်ဝတ်ပစ္စည်းများ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၂၁**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## မြေငလျင်ဘေးအန္တရာယ်ကျရောက်ခဲ့သည့် ဒေသများတွင် ကျန်းမာရေးဆိုင်ရာသတိပြုရန်အချက်များ

လတ်တလောဖြစ်ပွားခဲ့သောမြေငလျင်ဘေးအန္တရာယ်ကြောင့် အဆိုပါဒေသတွင် နေထိုင်သူများ၊ ယာယီကယ်ဆယ်ရေးစခန်းများတွင်ခေတ္တလာရောက်နေထိုင်နေသူများနှင့် မိမိတို့၏နေအိမ်ဝန်းကျင် မြေကွက်လပ်၊ အားကစားကွင်း၊ စာသင်ကျောင်း စသည့်နေရာများတွင် ယာယီနေထိုင်လျက်ရှိသူများအနေဖြင့် အောက်ဖော်ပြပါအချက်တို့ကို လိုက်နာဆောင်ရွက်ပါ။ အကယ်၍နေထိုင်မကောင်းဖြစ်ပွားပါက နီးစပ်ရာ ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံး သွားရောက်ပြသ၍ ဆေးကုသမှု ခံယူပါ။

### (၁) ကူးစက်ရောဂါများနှင့် မြွေအန္တရာယ်ကာကွယ်ပါ၊

**ဝမ်းပျက်ဝမ်းလျှောရောဂါ –**

- ချက်ပြုတ်ပြီး အစားအစာများအား သိမ်းဆည်းသိုလှောင်ထားခြင်းမပြုဘဲ ချက်ချင်း စားသုံးရန်၊
- ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိအမှတ်ပြု သောက်ရေသန့်ကိုသာသောက်သုံးရန်၊
- အစားအသောက်ပြင်ဆင်ချက်ပြုတ်သုံးစွဲရာတွင် ရေသန့်စင်ဆေးပြား သို့မဟုတ် ကလိုရင်းဆေး (Bleaching Powder) ခတ်ထားသော ရေကိုအသုံးပြု၍ ချက်ပြုတ်ရန်၊
- အစားအသောက်မပြင်ဆင်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျလက်ဆေးရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုရန်၊
- ယာယီနေထိုင်ရာနေရာများတွင် စနစ်တကျဆောက်လုပ်ပေးထားသည့် အိမ်သာများကိုသာ အသုံးပြုရန်၊
- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ရန်။

**မျက်စိနာရောဂါ –**

- မျက်မှန်တပ်ရပါက မျက်မှန်ကို မကြာခဏသန့်ရှင်းရေးပြုလုပ်ရန်၊
- မျက်စိနာနေသူ၏ အဝတ်အစား၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ၊ မျက်မှန် စသည့် အသုံးအဆောင် ပစ္စည်းများကို အခြားသူများနှင့်မျှဝေသုံးစွဲခြင်း လုံးဝ မပြုလုပ်ရန်၊ ထိုသူ၏ အဝတ်အစားများကို သီးသန့် လျှော်ဖွပ် သန့်စင်ရန်၊

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ခြင်မှတစ်ဆင့်ကူးစက်သောရောဂါများနှင့် မြွေအန္တရာယ် –

- နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ပါးစပ်နှင့် နှာခေါင်းကိုလုံအောင်အုပ်ရန်၊
- မိုးရွာသည့်အချိန် သို့မဟုတ် နံနက်ပိုင်း အအေးပိုလာချိန်တွင် အအေးမိခြင်းမဖြစ်စေရေး သတိပြု ဆောင်ရွက်ရန်၊
- ခြင်ထောင် သို့မဟုတ် ဆေးစိမ်ခြင်ထောင်ဖြင့်သာ အိပ်ရန်၊
- ယာယီတဲများကို မြွေနှင့်အခြားအဆိပ်ရှိသတ္တဝါများ မဝင်ရောက်စေရေး သတိပြုဆောင်ရွက်ရန်။

### (၂) အပူဒဏ်ကာကွယ်ရေး သတိပြုဆောင်ရွက်ပါ၊

- ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းသောနေရာများတွင်နားနေရန်၊
- အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ရန်၊
- ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ရန်၊
- အရက်သေစာသောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရနိုင်သောကြောင့် ရှောင်ကြဉ်ရန်၊
- ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးရန်၊
- မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ရန်။

**ကျန်းမာရေးဝန်ကြီးဌာန**

---




---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုရမည့်အပူဒဏ်အန္တရာယ်များ

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ တစ်ကိုယ်လုံး နုံးချိပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း၊
- ➢ ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ➢ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- ❖ လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- ❖ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ❖ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ❖ လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- ❖ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဘက်၊ ပေါင်ခြံနှစ်ဘက်တို့ကို ရေပတ်တိုက်ပါ၊
- ❖ လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက် အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။

---

## ဧပြီ ၁၃ ရက်မှ ၂၁ ရက်ထိ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဧပြီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၃ ရက် ည ၈ နာရီမှ ဧပြီ ၂၀ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀၅၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၁၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်ရန် ရောက်ရှိလာသော ညီကတ်(ခ)လောန၊ အိုက်ပလိတ်၊ ဆမ်ချင်းနှင့် ဆိုင်ခမ်းတို့ လေးဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၆၀၂၀၀၀၊ Vigo၊ LEXUS၊ CROWN မော်တော်ယာဉ်သုံးစီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ည ၁၁ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချခဲ့သူ ဟွေထိအား တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ နေအိမ်၌ ဘိန်းညိုဘလောက်တုံးအလေးချိန် ၂ ဒသမ ၄၅ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ခြောက်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ပ၊ ဘိန်း ၂၈ ဒသမ ၅ ကီလို၊



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ မော်တော်ယာဉ်များ၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

ကက်တမင်း ကီလို ၁၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် WY တံဆိပ်ပါ မို ၁၈ စုံ၊ ပစ္စတိုသေနတ်သုံးလက်၊ ကျည်မျိုးစုံ ၇၂၈ တောင့်၊ မော်တော်ယာဉ်သုံးစီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၁၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(သတင်းစဉ်)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၆၁၃ တန်၊ အခြားသစ် ၉ ဒသမ ၁၃၉ တန်၊ မီးသွေး ၆ ဒသမ ၀၅ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၉၄၆၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၄၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Higer Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၄၄၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၁၈ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၁ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၆၃၄၆၈ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)







## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့်အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရုတ်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းတင်ပို့မှုနှင့် တင်သွင်းမှုအလားအလာ

မောင်စိန်အိ(နဘဲမြေ)

၂၀၂၅ ခုနှစ် မတ် ၁၀ ရက်တွင် စတော့ခ်ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးအင်စတီကျူ(SIPRI) က "၂၀၂၄ ခုနှစ် နိုင်ငံတကာ လက်နက်လွှဲပြောင်းမှုအလားအလာ"ဆိုသောခေါင်းစဉ်ဖြင့် အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ခဲ့သည်။ ၎င်းအစီရင်ခံစာသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ လွန်ခဲ့သော ငါးနှစ်ကျော်ကာလအတွင်း တိုက်ခိုက်ရေးလေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ အကြီးစားစစ်ရေယာဉ်များ၊ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်(SAM) စနစ်များ၊ တင့်ကားများနှင့် လေကြောင်းအထောက်အကူပြုယာဉ်များ၊ သံချပ်ကာယာဉ်များနှင့်အမြောက်လက်နက်များအပါအဝင် အဓိကကျသောလက်နက်များလွှဲပြောင်းပေးမှုများကို ဆန်းစစ်သုံးသပ်ထားရှိခြင်းဖြစ်သည်။

စတော့ခ်ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးအင်စတီကျူ(SIPRI)၏ တွေ့ရှိသုံးသပ်ချက်များအရ ၂၀၁၅-၂၀၁၉ ခုနှစ်နှင့် ၂၀၂၀-၂၀၂၄ ခုနှစ်ကာလများကြား ကမ္ဘာလုံးဆိုင်ရာ လက်နက်လွှဲပြောင်းပေးမှုများတွင် သုညဒသမ ၆ ရာခိုင်နှုန်းခန့် လျော့နည်းကျဆင်းလာခဲ့သည်ဟုဆိုသည်။ ထိုသို့ ကျဆင်းမှုများရှိခဲ့သော်လည်း အဆိုပါကာလအတွင်း ဥရောပနိုင်ငံများတွင် လက်နက်တင်သွင်းမှု ၁၅၅ ရာခိုင်နှုန်းထိမြင့်တက်လာခဲ့သည်။ သို့သော် ဥရောပနိုင်ငံများတွင်လက်နက်တင်သွင်းမှုမြင့်တက်လာခြင်းသည်ကမ္ဘာတစ်ဝန်းရှိ အခြားသောဒေသများတွင် လက်နက်လွှဲပြောင်းပေးမှုကျဆင်းလာမှုနှင့် ထေမိလျက်ရှိသည်။

ယူကရိန်း၏ လက်နက်တင်သွင်းမှုများသည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၄ ခုနှစ်ကြားတွင် အဆ ၁၀၀ ခန့် မြင့်တက်လာသည့်အတွက် ကမ္ဘာ့အကြီးမားဆုံးလက်နက်တင်သွင်းသည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ အလားတူကာလ၌ပင် အမေရိကန်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ လက်နက်တင်ပို့မှု၏ ၄၃ ရာခိုင်နှုန်းရှိခဲ့သဖြင့် အဓိကလက်နက်များကို အများဆုံးတင်ပို့သောနိုင်ငံအဖြစ်ရပ်တည်ခဲ့ပြီး ပြင်သစ်နှင့် ရုရှားနိုင်ငံတို့သည် ဒုတိယနှင့် တတိယနေရာတို့တွင် အသီးသီးရပ်တည်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သောငါးနှစ်ကျော်ကာလအတွင်း ကမ္ဘာလုံးဆိုင်ရာလက်နက်တင်ပို့မှု၏ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သောကြောင့် ကမ္ဘာတစ်ဝန်း လက်နက်တင်ပို့ရာ၌ စတုတ္ထမြောက်နေရာတွင် ရပ်တည်ခဲ့သည်။ သို့သော် ၎င်းပမာဏသည် ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်ကာလအတွင်း လက်နက်တင်ပို့ခဲ့မှုများနှင့်နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းကျဆင်းလာခဲ့သည်။ တရုတ်နိုင်ငံသည် လက်နက်တင်ပို့ရာတွင် ကမ္ဘာလုံးဆိုင်ရာဈေးကွက်တိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိသော်လည်း လက်နက်တင်သွင်းသူအများစုသည် နိုင်ငံရေးအကြောင်းတရားများကြောင့် တရုတ်နိုင်ငံမှ လက်နက်အရေအတွက်အမြောက်အမြားဝယ်ယူရန် ရွေးချယ်ခဲ့ခြင်းမရှိပေ။

အာရှနှင့် သမုဒ္ဒရာဒေသရှိနိုင်ငံများသည် တရုတ်ကာကွယ်ရေးပစ္စည်းများကို အဓိကဝယ်ယူသည့်နိုင်ငံများဖြစ်သည့်အတွက် ၇၇ ရာခိုင်နှုန်းထိရှိခဲ့ပြီး အာဖရိကဒေသရှိ နိုင်ငံများသည် ၁၄ ရာခိုင်နှုန်းရှိခဲ့သည်။ ပြီးခဲ့သော ငါးနှစ်ကျော်ကာလအတွင်း တရုတ်နိုင်ငံသည် နိုင်ငံပေါင်း ၄၄ နိုင်ငံသို့ အဓိကလက်နက်များတင်ပို့ခဲ့သည်။ အထူးသဖြင့်ဒေသတွင်း၌ တရုတ်၏ အဓိကမဟာမိတ်ဖြစ်သော ပါကစ္စတန်နိုင်ငံသည် တရုတ်နိုင်ငံကတင်ပို့သော လက်နက် ၆၃ ရာခိုင်နှုန်းခန့်ကိုဝယ်ယူခဲ့သည်။ ပါကစ္စတန်အနေဖြင့် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများရှိနေသည့်တိုင်အောင် အဆိုပါကာလအတွင်း လက်နက်တင်သွင်းရာ၌ ကမ္ဘာ့ပဉ္စမမြောက်အများဆုံးနိုင်ငံအဖြစ်ရပ်တည်ခဲ့ကြောင်း ကောက်ချက်ချနိုင်မည်ဖြစ်သည်။

ထို့ပြင် စတော့ခ်ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးအင်စတီကျူ(SIPRI)အစီရင်ခံစာက တရုတ်နိုင်ငံသည် ၁၉၉၀-၁၉၉၄ ခုနှစ် အစီရင်ခံစာကာလကတည်းက လက်နက်တင်သွင်းသည့် ထိပ်တန်း ၁၀ နိုင်ငံစာရင်းမှ ပထမဆုံးအကြိမ်အဖြစ် နုတ်ထွက်နိုင်ခဲ့ကြောင်း မီးမောင်းထိုးပြသထားသည်။ တရုတ်နိုင်ငံ၏ လက်နက်တင်သွင်းမှုသည် ၂၀၁၅-၂၀၁၉ ခုနှစ်ကာလနှင့်နှိုင်းယှဉ်မည်ဆိုလျှင် ၆၄ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သည်။ လွန်ခဲ့သောငါးနှစ်ကျော်ကာလတွင်း တရုတ်နိုင်ငံသည် လက်နက်တင်သွင်းမှုများ၊




အထူးသဖြင့် ရုရှားနိုင်ငံမှ လက်နက်တင်သွင်းမှုများကို ပြည်တွင်းထုတ်ဒီဇိုင်းနှင့် ထုတ်လုပ်ထားသောလက်နက်များဖြင့်အစားထိုးရန် စီမံဆောင်ရွက်နိုင်ခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အဓိကစစ်လက်နက်ပစ္စည်းများ ပိုင်ဆိုင်လာသည့်အချိန်တွင် မိမိကိုယ်တိုင်ရပ်တည်နိုင်ကြောင်း သုံးသပ်ပြောဆိုလျက်ရှိသည်။ ဒေသတွင်းလက်နက်ထုတ်လုပ်မှုစွမ်းဆောင်ရည်မြင့်တက်လာသောကြောင့် တရုတ်၏ လက်နက်တင်သွင်းမှုများသည် အနာဂတ်တွင် ဆက်လက်ကျဆင်းလာဖွယ်ရာရှိပေသည်။

သို့သော် ၎င်းအခြေအနေသည် တရုတ်နိုင်ငံရှိ အနာဂတ်လုံခြုံရေးအခြေအနေအပေါ် မူတည်လျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)အပြင် အခြားသောအိမ်နီးချင်းနိုင်ငံများနှင့် နယ်မြေအငြင်းပွားမှုများရှိနေသောကြောင့်ပင်ဖြစ်သည်။ တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်နိုင်ငံကို တရုတ်(တိုင်ပေ)နှင့် စစ်မက်ဖြစ်ပွားလာစေရန် ရန်စခံနေရကြောင်း အခိုင်အမာပြောဆိုလျက်ရှိသည်။ ထိုသို့ စစ်မက်ဖြစ်ပွားလာမည်ဆိုလျှင် တရုတ်နိုင်ငံသည် လက်နက်တင်ပို့မှုများလျှော့ချပြီး လက်နက်များ ပိုမိုတင်သွင်းလာနိုင်သည်။

စတော့ခ်ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေးအင်စတီကျူ(SIPRI) အစီရင်ခံစာသည် တရုတ်အမျိုးသားကွန်ကရက်(NPC)နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်(CPPCC)တို့၏ နှစ်စဉ်ပြုလုပ်သည့် ညီလာခံနှစ်ခုကာလအတွင်း ပေါ်ထွက်လာခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးကာလများအတွင်း NPC နှင့် CPPCC တို့၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏ ဒုတိယအကြီးအကဲများသည် စစ်ဘက်ဖွံ့ဖြိုးတိုးတက်မှုအပြင် စစ်ရေးအသင့်ဖြစ်မှု အထောက်အကူဖြစ်စေရန် ပြောင်းလဲတိုးတက်လာသောနည်းပညာများအတွက် အရပ်ဘက်အရင်းအမြစ်များ ပိုမိုခွဲဝေချထားပေးရန် တရုတ်နိုင်ငံကို တိုက်တွန်းခဲ့သည်။ ၎င်းပုံစံသည် စစ်ဘက်-အရပ်ဘက်ပေါင်းစည်းမှုဆိုင်ရာ အမျိုးသားမဟာဗျူဟာအကောင်အထည်ဖော်ရေး တရုတ်နိုင်ငံ၏ ယန္တရားများနှင့်လည်း လိုက်လျောညီထွေရှိနေသည်။

အဆိုပြုချက်များတွင် စစ်ဘက်-အရပ်ဘက် ပူးတွဲဓာတ်ခွဲခန်းများ ထူထောင်ခြင်းနှင့် စစ်ဘက်အဆောက်အအုံများ တည်ဆောက်ရေးအတွက် မြေယာအသုံးပြုမှုစီမံကိန်းများ ပါဝင်သည်။ ထို့ကြောင့် တရုတ်နိုင်ငံ၏ စစ်ဘက်ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်ရေး ဘက်စုံကြိုးပမ်းမှုများ တိုးမြှင့်ဆောင်ရွက်နေမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ စစ်ဘက်-အရပ်ဘက်ဓာတ်ခွဲခန်းများနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာအစိုးရများသည် စစ်ဘက်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အလို့ငှာ မြေ၊ နည်းပညာ၊ စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံများအပါအဝင် အရင်းအမြစ်များခွဲဝေချပေးသွားရန် လိုအပ်သည်။ ထို့ပြင် ၎င်းတို့အနေဖြင့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ၏ တစ်စိတ်တစ်ဒေသအနေဖြင့် စစ်ဘက်နည်းပညာအဆင့်မြှင့်တင်မှုကိုလည်း လုပ်ဆောင်သွားရန် လိုအပ်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဒေသဆိုင်ရာအစိုးရများနှင့် စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုကိုလည်း အလေးထားပြောကြားခဲ့သည်။ ရှီကျင့်ဖျင်က မိမိတို့အနေဖြင့် စစ်ဘက်နှင့် ဒေသဆိုင်ရာအစိုးရများကြား ပူးတွဲကြိုးပမ်းမှုများခိုင်မာအားကောင်းအောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ အားသာချက်များနှင့် အရင်းအမြစ်များကို ကောင်းမွန်စွာအသုံးပြုသွားရမည်ဖြစ်ကြောင်းနှင့် စစ်ဘက်ဆောက်လုပ်ရေးအရည်အသွေးစွမ်းဆောင်ရည်များ တိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိလွှမ်းခြုံသော (၁၄) ကြိမ်မြောက် ငါးနှစ်စီမံကိန်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ကာကွယ်ရေးဘတ်ဂျက်သည် နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၂၂ ခုနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းတိုးတက်ခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် လာမည့် ငါးနှစ်စီမံကိန်းတွင် ကာကွယ်ရေးဘတ်ဂျက် ပိုမိုမြင့်တက်လာဖွယ်ရာရှိနေသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ တရားဝင်ကာကွယ်ရေးအသုံးစရိတ်သည် GDP ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းအောက်လျော့နည်းလျက်ရှိသဖြင့် ကမ္ဘာ့ပျမ်းမျှကာကွယ်ရေးအသုံးစရိတ်ထက်ပင် နည်းပါးလျက်ရှိသည်။ သို့သော် တရုတ်နိုင်ငံ၏ အမှန်တကယ်ကာကွယ်ရေးအသုံးစရိတ်သည် တရားဝင်ဘတ်ဂျက်ထက်ပင် ပိုမိုလျက်ရှိကြောင်း ပြောဆိုမှုများရှိနေသည်။

ပြီးခဲ့သော ငါးနှစ်ကျော်ကာလအတွင်း တရုတ်နိုင်ငံ၏ လက်နက်တင်သွင်းမှုကျဆင်းလာခြင်းသည် တိုင်းပြည်၏ ကိုယ်ပိုင်ကာကွယ်ရေးပစ္စည်းများအပေါ်ရပ်တည်နိုင်မှုကို ထင်ဟပ်စေလျက်ရှိသည်။ တရုတ်နိုင်ငံသည် ပြည်တွင်းစစ်ဘက်နည်းပညာပိုမိုတိုးတက်ရေးအတွက် မူဝါဒများကိုဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

သို့သော် နိုင်ငံများစွာသည် တရုတ်နိုင်ငံထံမှ အဓိကလက်နက်များ တင်သွင်းသွားလိုသောဆန္ဒမရှိသည့်အတွက် တရုတ်နိုင်ငံ၏ လက်နက်တင်ပို့မှုမှာလည်း ကျဆင်းသွားဖွယ်ရာရှိနေသည်။ နိုင်ငံရေးဆိုင်ရာအကြောင်းတရားများ၏ လွှမ်းမိုးမှုများနှင့် ကမ္ဘာလုံးဆိုင်ရာ စစ်လက်နက်စက်မှုလုပ်ငန်းတွင် အမေရိကန်၏ ခိုင်မာသောဈေးကွက်တည်ရှိနေမှုတို့ကြောင့် တရုတ်နိုင်ငံ၏ လက်နက်တင်ပို့မှုအလားအလာမှာ ကျဆင်းလာဖွယ်ရာရှိနေသည်။

ထို့ပြင် ဒေသတွင်းတင်းမာမှုများ မြင့်တက်လာပြီး အမေရိကန်သည် ပဋိပက္ခတွင် ပါဝင်လာနိုင်ခြင်း၊ အထူးသဖြင့် အမေရိကန်စစ်ဘက်သည် ဆယ်စုနှစ်များစွာကြာကတည်းက စစ်ဘက်ဆိပ်ကမ်းနှင့် လေတပ်အခြေစိုက်စခန်းကွန်ရက်များဖြင့် တရုတ်နိုင်ငံကို ဝိုင်းဝန်းပိတ်ဆို့ထားခြင်းတို့ကြောင့် တရုတ်နိုင်ငံသည် ကိုယ်ပိုင်လက်နက်များ တိုးမြှင့်သိုလှောင်ရန် နည်းလမ်းရှာဖွေလျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာစစ်လက်နက်ပစ္စည်းကုန်သွယ်မှုတွင် တရုတ်နိုင်ငံ၏အခန်းကဏ္ဍသည် နိုင်ငံတကာအခင်းအကျင်းတွင် အင်အားကြီးထွားလာမှုပြန်လည်ပုံဖော်နိုင်ရေးအတွက် ကျယ်ပြန့်သောရည်မှန်းချက်များကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ တရုတ်နိုင်ငံသည် လက်နက်တင်ပို့မှုအရှိန်အဝါကို ရယူကာ ၎င်း၏လွှမ်းမိုးမှုတိုးချဲ့ရေး စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာမဟာဗျူဟာများကို ထိရောက်စွာထုတ်ယူအသုံးချသွားမည် ဖြစ်သည့်အတွက် အနောက်အုပ်စုလွှမ်းမိုးမှုကို စိန်ခေါ်လျက်ရှိသည့်အပြင် နိုင်ငံပေါင်းစုံပါဝင်သော ကမ္ဘာ့အခင်းအကျင်းမြှင့်တင်ရန်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းအင်အားကြီးနိုင်ငံအဖြစ်မှသည် ကမ္ဘာလုံးဆိုင်ရာလက်နက်တင်ပို့သူအဖြစ် ပြောင်းလဲလာခြင်းသည် တရုတ်နိုင်ငံ၏ နည်းပညာပိုင်းဆိုင်ရာတီထွင်ဆန်းသစ်မှု၊ စက်မှုလုပ်ငန်းစွမ်းဆောင်ရည်နှင့် မဟာဗျူဟာမြောက်မျှော်မှန်းချက်တို့ကို မီးမောင်းထိုးပြသလျက်ရှိသည်။

အမှန်တော့ စစ်လက်နက်ပစ္စည်းကုန်သွယ်မှုသည် အသွားနှစ်ဖက်ပါသောဓားတစ်လက်ဖြစ်သည့်အတွက် စီးပွားရေးနှင့် မဟာဗျူဟာမြောက်အကျိုးစီးပွားများဖြစ်ထွန်းလျက်ရှိသလို ပဋိပက္ခနှင့်သံခင်းတမန်ခင်းဆိုင်ရာ အကျပ်အတည်းများလည်းရှိလာနိုင်ပေသည်။ စင်စစ်အားဖြင့် တရုတ်နိုင်ငံ၏ လက်နက်တင်ပို့မှုမဟာဗျူဟာသည် ကမ္ဘာ့စင်မြင့်တွင် အဓိကနိုင်ငံအဖြစ် ရပ်တည်သွားနိုင်ရန်ပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏လက်နက်တင်ပို့မှုအလားအလာသည် နိုင်ငံတကာဆက်ဆံရေး၊ ဒေသတွင်းတည်ငြိမ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာလက်နက်ဈေးကွက်တို့အပေါ်တွင် မူတည်နေမည်ဖြစ်ပေသည်။


**ကိုးကား**

- **China's Arms Imports Are Declining – But So Are Its Arms Exports by The Diplomat**

ဝတ္ထုတိုကဏ္ဍ

# ပိုးကိုက်ပန်း

မင်းလူပြည့်(ဟားခါး)



ဦးကျော်မောင်းလာသော ကားလေးက အဆောက်အအုံတစ်ခုနားသို့ ရောက်လာသည်။ ခြံဝင်းအတွင်းရှိ လူနေတစ်ထပ်ဆောင်များတွေ့ရသည်။

"ဒီနေရာပဲကွ"

ဦးကျော်က ဘေးတွင်ထိုင်စီးလာသော ဇနီးကို ပြောပြီး အဆောက်အအုံအတွင်းသို့ ဝင်လာပြီး ရုံးရှေ့တွင်ရပ်လိုက်သည်။ စနေနေ့ရုံးပိတ်ရက်မို့ ရုံးတွင် လူရှင်းနေသည်။ တာဝန်ကျ အမျိုးသမီးတစ်ဦး ထွက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲရှင်"

"ချောချောနဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ကဲ့"

မကြာမီ ချောချောနှင့် သူငယ်ချင်းမိန်းကလေး တစ်ဦးလိုက်ပါလာသည်ကို တွေ့ရသည်။ ချောချောက ဦးကျော်ကိုတွေ့သည်နှင့် ပြေးဖက်သည်။ ဦးကျော်၏ တူမကလေးတစ်ဦးလည်းဖြစ်သည်။ ပြီးတော့ ဇနီးသည်ကိုဖက်ပြီး ဝမ်းသာကာငိုနေသည်။

"ဦးဦးတို့ သမီးကို သတိရသေးလို့ဝမ်းသာတယ်"

"ဝမ်းသာပါတယ်သမီးရယ်"

ဇနီးဖြစ်သူက အလိုက်သင့်ပြောပြီး ပါလာသော ကော်ဖီနဲ့ ကော်ပြန့်ကြော်ကိုကျွေးသည်။ ခေါက်ဆွဲကြော်ထုပ်ကိုတော့ သူငယ်ချင်းများနှင့် စုပြီးစားမည် ပြောကာပြုံးနေသည်။

"ဒါ သမီးအချစ်ဆုံးသူငယ်ချင်း နော်မီရှဲတဲ့။ လားဟူသူလေးပါ။ ဒါက ငါ့ဦးလေး ဦးကျော်။ ဒါက ဦးရဲ့ဇနီး ဒေါ်နွယ်နီတဲ့"

ချောချောက နော်မီရှဲကို ပြောပြနေသည်။ နော်မီရှဲက မျက်နှာဝိုင်းဝိုင်း၊ အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်းကလေးနှင့် ချစ်စရာကောင်းသည်။ ရိုးသားပုံပေါ်သည်။

"ကဲ... သမီးတို့ဘယ်လိုဖြစ်သွားတာလဲ။ ဦးက ပြည်တွင်း၊ ပြည်ပခရီးသွားနေတော့မသိဘူး။ သမီးပြောပြမှ ဒီကိုရောက်နေတယ်ဆိုတာ ဦးလဲသိလိုက်တာ။ ဒါနဲ့ ဦးလေးလဲ အလုပ်သွားရင်း သွားတွေ့ရအောင်ပြောပြီး လာခဲ့တာပဲ"

"ဦးတို့က ကျောက်ဆည်မှာ နေတော့မသိဘူး။ သမီးက ရန်ကုန်မှာနေတော့ သတင်းမသိလိုက်တာလဲဖြစ်မယ်။ သမီးက ရှစ်တန်းစာမေးပွဲကျသွားပြီး ကျောင်းဆက်မတက်ချင်တာနဲ့ လှိုင်သာယာအထည်ချုပ်စက်ရုံမှာ အရင်ကခင်တဲ့သူငယ်ချင်းတွေနဲ့ စုပြီး အလုပ်ဝင်လုပ်ခဲ့တယ်။ အဖေကဆုံး၊ အမေကလဲ နောက်အိမ်ထောင်ပြုလိုက်တယ်။ ဒါနဲ့ သမီးနဲ့အတူ စက်ချုပ်တဲ့ ရွှေစင်ဆိုတဲ့သူငယ်ချင်းနဲ့ ခင်ခဲ့တယ်။ သူက ကိုမိုးဆိုသူနဲ့အိမ်ထောင်ကျတယ်။ ပိတ်ရက်တွေမှာ သွားလည်တယ်။ ရွှေစင်က အိမ်ထောင်ကျပေမဲ့ စီးပွားရေးကောင်းတယ်။ သူတို့ဘာလုပ်စားမှန်း မသိဘူး။ ဒီအချိန်မှာပဲ ကိုဗစ်ရောဂါဖြစ်တော့ စက်ရုံတွေပိတ်သွားတယ်။ အမေ့ဆီလဲမပြန်ချင်ဘဲ ရွှေစင်ရဲ့အိမ်မှာ ခဏနေခဲ့လိုက်တယ်။ အလုပ်ရှာရင်းနဲ့ပေါ့"

ချောချောက ဦးကျော်ကို တက်ကြွစွာရှင်းပြရင်း အားပါးတရ ရေကိုငုံသောက်ကာ စကားရပ်လိုက်သည်။ ပြီးမှ စကားကိုဆက်ပြောပြသည်။

"သမီးလဲ ပိုက်ဆံလိုတာနဲ့ ကိုမိုးဆီက ပိုက်ဆံသုံးသောင်းချေးလိုက်တော့ ကိုမိုးက လိုလိုချင်ချင်ပဲ ချေးပေးတယ်။ သမီးက ရွှေစင်တို့ အိမ်အခန်းလွတ်မှာနေတယ်။ တစ်ရက်မှာ ရွှေစင်က သမီးကိုပြောတယ်။ ကိုမိုးက ကျောက်မဲ၊ သီပေါဘက် ဘုရားဖူးသွားဖို့ရှိတယ်။ အလုပ်ကိစ္စလဲရှိတယ်။ နင်လိုက်သွားပါလားပြောတော့ သမီးကလဲ မရောက်ဖူးလို့ သွားချင်တယ်ပြောလိုက်တယ်။ ငါ့မှာလဲ ကိုယ်ဝန်ကြီးနဲ့မို့ လိုက်ဖို့အဆင်မပြေလို့ပါ။ နင်လိုက်သွားပေးပါလို့ ရွှေစင်ကပြောတာနဲ့ လိုင်းကားနဲ့ပဲ လိုက်သွားတယ်"

ချောချောက ပြန်ပြောရင်း တစ်စုံတစ်ဦးကို သတိရဟန်နှင့်ခဏရပ်လိုက်သည်။ ဦးကျော်တို့ စိတ်ဝင်စားမှုကလည်း အထွတ်အထိပ်ရောက်နေသည်။

"ဒီမှာပဲ ကျွန်မတို့ ကျောက်မဲ၊ သီပေါက သူ့အသိအိမ်မှာ ညအိပ်ပြီးပြန်လာတယ်။ ဘော်ကြိုဘုရားကိုလဲ ဖူးရပါတယ်။ ကိုမိုးက ဆေးလိပ်သောက်ပြီးအမြဲမှိန်းနေတယ်။ သမီးလဲ သူ့အကျင့်ပဲလို့ ထင်မိခဲ့တယ်။ သီပေါကနေ ရန်ကုန်အမြန်ကားပေါ်မှာ သမီးကို ဒီလက်ဖက်ခြောက်အိတ်တွေ နင်ယူထားဆိုပြီး ပလတ်စတစ်အိတ် ခုနစ်လုံးပေးလို့ ယူထားလိုက်တယ်။ ကျောက်မဲလဲရောက်ရော ကားပေါ်ကို ရဲတွေတက်လာပြီးစစ်တယ်။ သမီးကိုင်ထားတဲ့ အထုပ်တွေဟာ လက်ဖက်ခြောက်ထုပ်မဟုတ်ဘူး။ ဆေးခြောက်ထုပ်တွေဆိုပြီး အဖမ်းခံရတယ်။ ကိုမိုးပေးထားတာပြောတော့ ကိုမိုးက သမီးကို မသိဘူးလို့ငြင်းတယ်။ သမီးအသက် ၁၄ နှစ်ပဲရှိသေးလို့ ကလေးသူငယ်ဥပဒေနဲ့ အရေးယူခံရပြီး ဒီကျောင်းကိုရောက်ခဲ့ရတာပါ"

ဦးကျော်တို့ဇနီးမောင်နှံနှစ်ယောက် စိတ်မကောင်းဖြစ်ရသလို မာယာများသောလူတို့၏ ရက်စက်ယုတ်မာမှုကိုလည်းသိခဲ့ကြရသည်။

"သမီး ဒီမှာနေရတာ ပျော်ပါတယ်။ သမီးလို အကြောင်းအမျိုးမျိုးနဲ့ရောက်လာကြတဲ့ သူငယ်ချင်းတွေနဲ့ဆုံပြီး ကိုယ်ချင်းစာသနားကြတယ်။ လက်မှုပညာတွေသင်ပေးတယ်။ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ မူကြိုကလေးဝတ်တွေ ချုပ်နည်း အကုန်သင်ပေးပါတယ်။ သမီး ဒီကပြန်လာရင် အမေ့ဆီမှာသွားနေမယ်။ အမေ့ကိုလုပ်ကျွေးမယ်"

ချောချော၏ ရှေ့ရေးတွေးထားပုံကို လေးစားကာ ဆုံးမပြောပြမိသည်။

"ချောချောပြောပြီးပြီဆိုတော့ နော်မီရှဲအကြောင်း လဲပြောပြချင်ရင် ပြောပြနော်"

ဦးကျော်က စကားစလိုက်သည်နှင့် အရောင်တောက်နေသောမျက်လုံးများက တစ်စုံတစ်ခုကို ရင်ဖွင့်ပြောပြနေချင်မှန်း ခန့်မှန်းမိသည်။ နော်မီရှဲလည်း ပြောပြပေပြီ။

"သမီးအဖေက ရှမ်း။ အမေက လားဟူလူမျိုးပါ။

❖ ဦးကျော်တို့ နှုတ်ဆက်ပြန်လာချိန်တွင် ရွှေအိုရောင်ညနေခင်းသို့ ရောက်နေပေပြီ။ သင်တန်း၏ကျောင်းဝင်းထဲတွင် ရောင်စုံပန်းများဖြစ်သော အနီ၊ အဝါ၊ အစိမ်း၊ အပြာ၊ ခရမ်းရောင်ပန်းများ ပွင့်နေသည်ကို တွေ့ရသည်။ ပျားပိတုန်း၊ လိပ်ပြာတို့က ဝဲပျံလိုက်၊ နားလိုက်နှင့် တွေ့ရသည်။ ဝတ်ရည်စုပ်ပိုးများက အလှပန်းများကို ဆော့ကစားနေသည်။ ထိုပန်းအလှများကြားတွင် ပိုးကိုက်ခံရသော ပန်းကလေးများလည်း ရှိနေသည်။ ထိုပိုးကိုက်ပန်းကလေးများတွင် ချောချောနှင့် နော်မီရှဲတို့လို နုနယ်ပျိုမျစ်သောအလှပန်းကလေးများ လည်းပါနေသည်။❖

သမီးက ကျိုင်းတုံမှာနေတယ်။ ကိုးတန်းထိကျောင်းတက်ပြီး စာမသင်ချင်တော့တာနဲ့ ကျောင်းထွက်လိုက်တယ်။ သမီးကိုဆူသလို အမေ့ကိုလဲ သမီးကို မဆုံးမလို့ဆိုပြီး အဖေနဲ့အမေ ခဏခဏရန်ဖြစ်တယ်။ အဖေက နယ်စပ်မှာ အလုပ်လုပ်တော့ အိမ်မှာအမြဲမရှိဘူး။ သမီးလဲ စီးပွားရေးလုပ်ဖို့ သူငယ်ချင်း နာယောနဲ့ တိုင်ပင်တယ်။ နာယောက ချမ်းသာတယ်။ နာယောက သီချင်းဆိုဝါသနာပါတယ်။ သူပျင်းရင် ကာရာအိုကေဆိုဖို့ သမီးကိုခေါ်တယ်။ သမီးလဲ သိပ်ပျော်တယ်။ အဖေလဲမရှိတော့ ပျော်တယ်။ တစ်နေ့မှာ သူငယ်ချင်းဂျူးဂျူး ညပိုင်း ညစာစားပွဲလာဖိတ်လို့ နာယောနဲ့သွားမယ်လုပ်တော့ နာယောကဖျားနေတယ်။ အမေက သမီးကို အပြင်မထွက်ခိုင်း၊ မသွားခိုင်းဘူး။ သမီးကသိပ်သွားချင်နေတော့ အိမ်ကခိုးထွက်လာတယ်။ ကျောင်းနေဖက်သူငယ်ချင်း ရှမ်းမလေး နန်းဆမ်ခေးဆီက ဆိုင်ကယ်သွားငှားတယ်။ တကယ်တော့ သူတို့အိမ်မှာလဲ ဒီဆိုင်ကယ်တစ်စီးပဲရှိတယ်။ တောင်းပန်ပြီး ဆိုင်ကယ်ကို ငှားလာတယ်။ လမ်းမှာ ဗိုက်ဆာလို့ မုန့်ဝင်စားတယ်။ ဒီမှာပဲ ကျောင်းနေဖက်သူငယ်ချင်း ကျော်စွာရောက်လာပြီး သမီးဆီကိုဆိုင်ကယ်လာငှားတယ်။ သမီးက ငါ့ဆိုင်ကယ်မဟုတ်ဘူး။ နန်းဆမ်ခေးဆီက ခဏပြောပြီး မနည်းငှားလာတာပြောတော့ နာရီဝက်လောက်ပဲကြာမယ်။ ကားကြီးဝင်းမှာ ငါ့ကောင်မလေး ရန်ကုန်ကလာလို့ သွားကြိုချင်လို့ပါဆိုတာနဲ့ သမီးက ငှားလိုက်တယ်။ မနက်မိုးလင်းတဲ့ထိ ပေါ်မလာတော့ဘူး။ မနက်လဲကျရော သူ့အစ်ကိုက ဒေါသထွက်ပြီး ရဲတိုင်လိုက်တယ်။ ငါစေတနာနဲ့ငှားပေးတာ ငါ့မှာပဲ တာဝန်ရှိတယ်ဆိုပြီး သမီး အမှုကိုရင်ဆိုင်လိုက်တယ်။အဖေနဲ့အမေကလဲ ပြောထားလျက်သားနဲ့လုပ်တယ်။ စကားနားမထောင်လို့ဆိုပြီး စိတ်ဆိုးတာအခုထိဖုန်းလဲမဆက် လာလဲမတွေ့တော့ဘူး။ အခုတော့ သမီး လူတွေအကြောင်းကောင်းကောင်း သိသွားပြီ။ သမီးကတော့ ဒီကျောင်းကပြန်ရင် အမေတို့နဲ့နေပြီး စက်ချုပ်စားမယ်"

နော်မီရှဲအဖြစ်ကို ကြားရပြန်တော့ ဦးကျော်မှာ စိတ်မကောင်းဖြစ်ကာ လူလိမ်များကိုရွံမိသည်။

"လူဆိုတာအမှားမကင်းကြပါဘူး။ အဓိက ဒီလိုအဖြစ်မျိုး ဆက်မမှားဖို့ဘဲလိုတယ်။ သမီးတို့က ငယ်သေးတဲ့အတွက် နောက်တစ်ခါ ထပ်မဖြစ်အောင် သတိထားပြီး ဘဝမှာ အောင်မြင်အောင် ကြိုးစားလုပ်ကိုင် နေထိုင်သွားကြဖို့ ဦးလေးမှာချင်တယ်"

ဦးကျော်တို့ နှုတ်ဆက်ပြန်လာချိန်တွင် ရွှေအိုရောင်ညနေခင်းသို့ ရောက်နေပေပြီ။ သင်တန်း၏ ကျောင်းဝင်းထဲတွင် ရောင်စုံပန်းများဖြစ်သော အနီ၊ အဝါ၊ အစိမ်း၊ အပြာ၊ခရမ်းရောင် ပန်းများပွင့်နေသည်ကိုတွေ့ရသည်။ ပျားပိတုန်း၊ လိပ်ပြာတို့က ဝဲပျံလိုက်၊ နားလိုက်နှင့် တွေ့ရသည်။

ဝတ်ရည်စုပ်ပိုးများက အလှပန်းများကို ဆော့ကစားနေသည်။ ထိုပန်းအလှများကြားတွင် ပိုးကိုက်ခံရသောပန်းကလေးများလည်းရှိနေသည်။ ထိုပိုးကိုက်ပန်းကလေးများတွင် ချောချောနှင့် နော်မီရှဲတို့လို နုနယ်ပျိုမျစ်သော အလှပန်းကလေးများလည်း ပါနေသည်။

လှပသောပန်းကလေးများ၊ မွှေးရနံ့ပေးသော ပန်းကလေးများ၊ ကမ္ဘာမြေပေါ်တွင် သဘာဝအတိုင်း လှလှပပ ရှိနေစေချင်သည်။ ဖူးပွင့်ကာ လောကကို အလှဆင်စေချင်သည်။

တစ်စုံတစ်ခု၏ပယောဂကြောင့် ပိုးကိုက်ခံရသော ပန်းကလေးများဘဝ ကင်းဝေးစေချင်သည်မှာ ဦးကျော်၏ ရင်ထဲက ဆန္ဒအစစ်အမှန်သာဖြစ်ပါတော့သည်။

# တန့်ဆည်မြို့နယ်တွင် ဆောင်းပဲတီစိမ်း ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၈ ဒသမ ၁၁ တင်း ထွက်ရှိ



**ရေဦး ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၁၁ တင်း ထွက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၁၉၀၄၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်းဧက ၁၉၀၄၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာ ပေးခဲ့ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဒီဘက်ကနေ ထိုင်းဘောကျားဆန် အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဒီထိုင်းဘောကျားဆန်အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ အမျိုးအစားဖြစ်ပါတယ်။ ထိုင်းဘောကျားဆန်အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိပါတယ်။ အခြားအမျိုးအစားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော အခုလက်ရှိမှာပါ ထိုင်းဘောကျားဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်" ဟု ရေကြည်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘောကျားဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဇီးကုန်းမြို့နယ် ပေါက်ပင်ဆိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီးနတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ပင်ဆိတ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပေါက်ပင်ဆိတ်ကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၄၃ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပေါက်ပင်ဆိတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၂၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၂၀ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

## အလှပြည့်ဝနေသည့် မြန်မာပြည်

- ရောက်ရှိပေ့ါ ချိန်အခါ
အောင်နိမိတ်ဖြာ ပြည့်အနှစ်၊
ရွှေပြည်တော် မျက်ဝန်းမို့ကို
တို့တွေကချစ်။

- ပဟောင်းရုပ်ကို အမြစ်လှန်ပစ်
အသစ်ဖွဲ့ တည်ထောင်၊
ကောင်းမှုအစုံ လိုလားစိတ်နဲ့
ဖိတ်ပြုခေါ်ဆောင်၊
တောက်ပလို့အဆင်းပြောင်
အလင်းရောင် ပြည်တော်ကြီး၊
ကျက်သရေ ဝန်းရံခတဲ့
လှသောခရီး။

- နယ်ရှစ်ခွင် ရှုမငြီး
သာယာပြီး တိုးတက်နေ
ရွှန်းရွှန်းဝေဝေ၊
ချစ်ရသော အမိမြေ
ရွှေဝါရောင် ပြည့်ဝ၊
တထိန်ထိန် တလဲ့လဲ့နဲ့
ကွန်းဖွဲ့အလှ။

- "ကချင်" အစ "ရှမ်း" ထိတိုင်
တူညီပြိုင် ဆတိုး၊
ယုံကြည်ရာ မျှော်လင့်ချက်ရယ်နဲ့
ဆောင်ရွက်တိုင်းကျိုး။

- နိုင်ရာဝန် သယ်ပိုးလို့
ကိုယ့်အမျိုးလည်း စောင့်ရှောက်သည်၊
ဖေးမကူ အချင်းချင်း
ရင်းနှီးချစ်ကြည်၊
တွဲသောလက် ဘက်မျှညီ
ဆက်ကြမည် ရှေ့သို့၊
အခြေတင့် အဖန်ဖန်ဖြင့်
ရွှေအပွင့်ဆံ အသွေးပြ
ငွေဆင့်ကျုံ မွေးရသမှာ
နေခွင့်ကံ ပေးသမျှရယ်နဲ့
(တို့တစ်တွေ...)
အတွေးလှစို့။ ။

**ချမ်းမြေ့(ဇလွန်မြေ)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အမိမန္တလေးတက္ကသိုလ်

ရှာသားဖိုးမောင်

**နိဒါန်း**

မိခင်မန္တလေးတက္ကသိုလ်က မွေးထုတ်ပေးသော သားရတနာ၊ သမီးရတနာများ အရေအတွက်မည်မျှ ရှိခဲ့ပြီလဲမသိပါ။ ၁၉၂၅-၂၀၂၅ ဟူသော ပြက္ခဒိန်ပေါင်း ၁၀၀ ကို နှစ်ပေါင်းတစ်ရာမျှမရပ်မနား ဘွဲ့အသီးသီး အပ်နှင်းပေးခဲ့ရသည်ကား များပြားလှပေပြီ။ ဤအထဲတွင် ၁၉၆၆ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ လေးနှစ်ကြာမျှ အမိရင်ခွင်မှာ ပညာရင်နို့သောက်စို့ခဲ့ရသော စာရေးသူပင် တတိယအရွယ်သို့ ဝင်ခဲ့လေပြီ။ အချိန်နာရီမရပ်နားသည့်အလျောက်မိခင်မန္တလေးတက္ကသိုလ်မှာလည်း ပိုမိုရင့်ကျက်ပြည့်ဝလာခဲ့သည်။ ဖွင့်စအချိန်က ဆရာကြီးဦးရာဇတ် (ပညာရေးဝန်ကြီး)၏ တာဝန်ပေးချက်အရ ဆရာကြီးဦးကိုလေးသည် မန္တလေးတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်ရေးအတွက်၊ ကောလိပ်မှ တက္ကသိုလ်ဖြစ်လာအောင် ဆောင်ရွက်ခဲ့ရသည်။ အဆောက်အအုံများ၊ ဆရာ၊ ဆရာမများ၊ သင်ကြားရေးလေ့ကျင့်ရေး လိုအပ်ချက်များ၊ စာကြည့်တိုက်၊ အုပ်ချုပ်ရေး၊ စီမံရေးရုံးလုပ်ငန်းဆိုင်ရာများ စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ကာ အောင်မြင်စွာ ထူထောင်နိုင်ခဲ့သည်။ မိခင်၏ သား၊ သမီးပေါင်းများစွာအနက် မိမိသည် ဝိဇ္ဇာဘွဲ့(စိတ်ပညာ)ကို ဘာသာစုံဂုဏ်ထူးဖြင့် အသိအမှတ်ပြုခံရပြီး (၁၉၇၀ပြည့်နှစ်) အောင်မြင်ခဲ့သည်ကိုလည်း ကျေးဇူးအထူးတင်စွာ ရာသက်ပန်ပူဇော်ကော်ရော်ပါသည်။

မန္တလေးတက္ကသိုလ်ကို မိမိဇာတိ ကြီးနီရွာမှ တက်ခဲ့ရဖူးသူများတွင် စာရေးသူက ပထမတော့ မဟုတ်ပေ။ မိမိ၏ရှေ့တွင် ၁၀ နှစ် ၁၅ နှစ်စောပြီး တက်ခဲ့သူ တက္ကသိုလ်ကျောင်းသားတွေလည်း ရှိခဲ့သည်။ တက္ကသိုလ်ကျောင်းပိတ်ချိန်မှာ ရွာပြန်လာသော လူပျိုတက္ကသိုလ်ကျောင်းသားများကို မိမိတို့တစ်ရွာလုံးက လေးလေးစားစား ချစ်ချစ်ခင်ခင်နှင့် မန္တလေးတက္ကသိုလ်အကြောင်း၊ မန္တလေးမြို့အကြောင်း၊ မန္တလေးကဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ မင်းသား၊ မင်းသမီးတွေအကြောင်း မေးကြ၊ မြန်းကြစကားဝိုင်းဖွဲ့ကြသည်။

မြေပဲဆွတ်ဝိုင်း၊ မြေပဲထုဝိုင်း၊ အလှူအတန်းမှာ လက်ဖက်ရည်ကြမ်းဝိုင်း၊ စကားဝိုင်းအားလုံးတွင် တက္ကသိုလ်အဆင့် ပညာသင်ယူနေသော လူငယ်ဆီကအတွေ့အကြုံ၊ဗဟုသုတတွေကို နားထောင်ချင်ကြသည်။ ထိုစဉ်က မိမိတို့၏ ဆွေမျိုးမကင်းကြသော ကိုကြည်မောင်၊ ကိုကျော်လှိုင်၊ ကိုလှသန်း၊ ကိုလှကြည်၊ ကိုကျောက်ဒိုး စသောအစ်ကိုကြီးများသည် ရွာထဲရှိ လူကြီး၊လူငယ်များအလယ်တွင် လူရာဝင်ပုံ၊ မျက်နှာပွင့်ကြပုံကား ပြောပြ၍မကုန်နိုင်အောင်များခဲ့ပါ၏။ သြော် ပညာဆိုသည်မှာ တို့ရွာအလယ်တန်းကျောင်း ခုနစ်တန်းမျှနှင့် မဆုံးပါကလား။ ချောက်မြို့သို့သွား၍ အထက်တန်းကျောင်းမှ ဆယ်တန်းအောင်ပြီးလျှင်လည်း သင်စရာပညာ မကုန်သေးပါတကား။ မန္တလေးတက္ကသိုလ်ဆိုသော ကျောင်းတော်ကြီးမှာ လေးနှစ်ကြာအောင် ပညာဆက်သင်ရသေးပါကလား ဟု နားလည်သိမြင်စပြုသည်။

အစ်ကိုကြီးကြည်မောင်သာ ဌာနဆိုင်ရာအရာရှိ ဖြစ်သွားပြီး အစ်ကိုကြီးကျော်လှိုင်(ငွေးချို)၊ အစ်ကိုကြီးလှကြည်(စလေ)၊အစ်ကိုကြီးလှသန်း(မကွေး)တို့ကား ကျောင်းဆရာ၊ နောင်အခါအထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး စသဖြင့်ဖြစ်လာကြသည်။ ဘာမသိညာမသိနှင့် မိမိလည်း မန္တလေးတက္ကသိုလ်ထိ ရောက်ရှိအောင်တက်ပြီး ပညာကုန်ခဲ့သောအခါ ကျောင်းဆရာ ဖြစ်လာလိမ့်မည်ဟု ကလေးအတွေးတွေးထားခဲ့ဖူးပါ၏။ ဘယ်မြို့ဘယ်ရွာရောက်ရောက်ပါ။

**စာပေထဲမှ**

အလယ်တန်းကျောင်းသား အရွယ်လောက်တွင် မြဝတီမဂ္ဂဇင်းတစ်အုပ်ထဲ၌ ဖော်ပြခဲ့ဖူးသော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ **"နှင်းရက်ကြွေစော"** ဟူသောဝတ္ထုတစ်ပုဒ်ကို ဖတ်ရဖူးသည်။ မျက်ရည်ဝဲအောင်စိတ်မှာ စွဲနစ်ခံစားခဲ့မိသည်။ မန္တလေးတက္ကသိုလ်မှ အစောဆိုသော ရှမ်းအမျိုးသမီးကျောင်းသူလေးနှင့် မောင်ချစ်ဆွေဆိုသူ ကျောင်းသားလေး



မန္တလေးတက္ကသိုလ်ကို တွေ့ရစဉ်။

တို့၏ ချစ်ကြပါသော်လည်း အလွမ်းနှင့် ခွဲခွာခဲ့ရပုံ ရိုးရိုးအချစ်ဝတ္ထုတို တစ်ပုဒ်မျှသာဖြစ်သော်လည်း မန္တလေးတက္ကသိုလ်၏ အငွေ့အသက်များကို လှပခမ်းနားစွာ နောက်ခံထားပြီး အနုအလှသမုဒယတွေနှင့်ယှက်နွယ်ကာ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားတို့၏ ပညာတတ်ပီသစွာ စဉ်းစားတွေးခေါ်ပုံ၊ ပြောဆိုပုံ၊ ပြုမူလှုပ်ရှားပုံများက မျက်စိထဲတွင် မြင်ယောင်၊ ကြားယောင်၊ ပိတောက်ပန်းရနံ့တွေ လေထဲပါလာပြီး မွှေးမြနေကြသယောင် ခံစားစေနိုင်ပါ၏။

တွေ့ချစ်ကွဲညား၊ သာမန်အချစ်ဝတ္ထုများထက် ဘာများထူးခြားလို့လဲဟု မေးစရာရှိပါ၏။ စာရေးသူက မန္တလေးတက္ကသိုလ်၊ စိတ်ပညာဌာန တာဝန်ခံဌာနမှူး ကထိက။ သူရေးဖွဲ့ပုံက မန္တလေးတက္ကသိုလ်၏ နောက်ခံပိတ်ကားကြီးကို လှပတင့်တယ်အောင် ရေးခြယ်ပြနိုင်သော စာပန်းချီပါရမီအနုပညာရှင်က သူ့သူငယ်ချင်း သင်္ချာကထိက (နောင်သော်ပါမောက္ခ) ဒေါက်တာချစ်ဆွေနှင့် သူ့ချစ်သူအစောတို့၏ ဖြစ်ရပ်မှန် တကယ့်အလွမ်းဇာတ်လမ်းကို နှလုံးသွေးနှင့် မင်ရည်ဖျော်၍ ခံစားချက်ဖြင့် လှိုက်လှိုက်လှဲလှဲ ရေးထားခြင်းဖြစ်ပါသည်။ ဇာတ်လမ်းက မထူးဆန်းပါသော်လည်း ရေးဖွဲ့ပုံ လှပကျွမ်းကျင်သဖြင့် စာဖတ်သူတိုင်း ရင်နင့်ခံစားရသဖြင့် အမှတ်တရ ရှိခဲ့ကြပါ၏။ **"နှင်းရက်ကြွေစော"** ဝတ္ထုမှ ရသအနုပညာ။

**အငွေ့အသက်**

စာအုပ်ထဲမှာ ခံစားရှုမြင်ရသော မန္တလေးတက္ကသိုလ် ပတ်ဝန်းကျင်မြင်ကွင်း၊ ရှုခင်းများကို မိမိရှေ့ကရွာမှ ကျောင်းသွားတက်ကြသော အစ်ကိုအရွယ် မန္တလေးတက္ကသိုလ်ကျောင်းသား (မိမိတို့ရွာသား) တို့၏ အဝတ်အစား သပ်ရပ်သန့်ရှင်းပုံ၊ ဆံပင်သပ်ရပ်ပုံ (ဘယ်သောအခါမှ ဖရိုဖရဲပွေတီပွေရှုပ်မတွေ့ရ)၊ နေထိုင်သွားလာပုံ၊ ပြောဆိုဆက်ဆံပုံ (တောသားဆိုသော်လည်း သာမန်ရွာသားများလို အော်ကြီးဟစ်ကျယ်မပြော၊ ညင်ညင်သာသာ ပီပီသသနှင့်ကြားရသူ နားထောင်ချင်အောင် ပြောတတ်ကြ၏။) တောသူတောင်သားများနှင့် ကွာခြားပုံကို မြင်ရသည်။ အလယ်တန်း ကျောင်းသားအရွယ်၊ အထက်တန်း ကျောင်းသားအရွယ်မှာပင် ထိုစဉ်က တက္ကသိုလ်တက်နေကြသော မိမိထက် ၁၀ နှစ် ၁၅ နှစ် ပိုကြီးသူများ၏ ယဉ်ကျေးသိမ်မွေ့ပုံ၊ လေးစားချစ်ခင်စရာကောင်းပုံ ကိုယ်ရည်ကိုယ်သွေးများကို ကိုယ့်ရွာသား၊ အခြားရွာသားများနှင့် ကွဲပြားခြားနားပုံကို သတိပြုမိခဲ့သည်။ တက္ကသိုလ်သည် ပြင်ပကမ္ဘာနှင့် မတူကွဲပြားသော အပြုအမူနှင့် ပညာတတ်ဟူသောဂုဏ်ဒြပ်နှင့် လျော်ညီသည့် အရည်အသွေးကို မြင်တွေ့ရသည်။ မူလတန်းပြဆရာ၊ အထက်တန်းပြဆရာနှင့် တက္ကသိုလ်မှ ကထိက၊ ပါမောက္ခတို့၏ သွားလာပုံ၊ ပြောဆိုပုံ၊ စာသင်ပုံတို့၏ ကွဲပြားခြားနားပုံကိုလည်း နှိုင်းယှဉ်ရှုမြင်မိသည်။

**ထက်သန်ဆန္ဒ**

ရှေ့က တက္ကသိုလ်တက်ဖူးသော အစ်ကို၊ ဆွေမျိုးများကို လေးစားအားကျမှုဖြင့် မန္တလေးတက္ကသိုလ်ကို အထက်တန်း ကျောင်းသားအရွယ်လောက်မှာပင် တက်ချင်သော စိတ်ဆန္ဒသည် ပို၍ပို၍ ရင့်သန်ခိုင်မာလာတော့သည်။ အကြောင်းရင်းများကို ပြန်တွေးကြည့်သောအခါ အဓိကသုံးချက်သတိပြုမိပါ၏။

၁။ မန္တလေးတက္ကသိုလ်ဘွဲ့ရ ဆွေမျိုးအစ်ကို လေးဦး၏ လေးစားအားကျဖွယ်ကောင်းသော ကိုယ်ရည်ကိုယ်သွေးများက ရွာပတ်ဝန်းကျင်တွင် ထင်ရှားကွဲပြားမှုကို မြင်သိနားလည်ရခြင်း။

၂။ တက္ကသိုလ်ဘုန်းနိုင်၏ တက္ကသိုလ်နောက်ခံကား အောင်မြင်ထင်ရှားသော ဝတ္ထုစာအုပ်များ (ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ မိုးညအိပ်မက်မြူ၊ စိမ်းနေဦးမည့် ကျွန်တော့်မြေ၊ သူငယ်ချင်းလို့ ပဲဆက်၍ခေါ်မည်ခိုင်၊ မောင့်ဘဝညအလားကွယ်၊ ဤမြေမှသည်၊ ချစ်သောဤကမ္ဘာ၊ လွမ်း၊ ညီမလေးရယ်စိုးရိမ်မိတယ်၊ လွမ်းတေးမဆုံးစေနှင့် စောသခင်) က အထက်တန်းကျောင်းသားဆယ်ကျော်သက် မိမိဘဝကို ကြီးမားစွာ ရိုက်ခတ်လွှမ်းမိုး၍ ပုံသွင်းခြင်း။

၃။ မန္တလေးတက္ကသိုလ်၊ စိတ်ပညာဌာနကို ထိုစဉ်ကာလကျောင်းအုပ်ကြီး (ပါမောက္ခချုပ်) ဦးကိုလေး (စာရေးဆရာကြီး ဇေယျာမောင်) နှင့်အတူ အမြုတေစတင်ပါဝင် တည်ထောင်ခဲ့သူအဖြစ် ဆရာကြီး တက္ကသိုလ်ဘုန်းနိုင် (ဦးခင်မောင်တင့်) ကို စံပြုအားကျစိတ်ဖြင့် မန္တလေးတက္ကသိုလ် စိတ်ပညာဘာသာရပ်ကို သင်ယူလိုစိတ် အထက်တန်း ကျောင်းသားအရွယ်ကပင် ရည်ရွယ်၍ ရွေးချယ်ခြင်း။

**ပညာတန်ဖိုး**

အင္ဂမတန်းကျောင်းသားအဖြစ် ကြီးနီရွာမှ ချောက်မြို့သို့နေ့စဉ် အသွားငါးမိုင်၊ အပြန်ငါးမိုင်၊ ဆယ်မိုင် ခြေကျင်လျှောက်၍ အထက်တန်းပညာကို သင်ယူရသောအခါ မိုးရွာရွာနေပူပူ တစ်နေ့လေးနာရီခွဲငါးနာရီမျှ လမ်းလျှောက်ရခြင်း ပညာရရန်အလို့ငှာ ပင်ပန်းဆင်းရဲ အရင်းတည်ရခြင်း (ပညာ၏တန်ဖိုးကားခက်ခဲကြီးမားပေစွ) တက္ကသိုလ်တက်နိုင်သည်အထိကြိုးစားမည်။ တက္ကသိုလ်ကဘွဲ့ရပြီးပါကလည်း သင့်ရာရရာ အလုပ်ရှာပြီး စာရေးဆရာလုပ်မည် ရည်ရွယ်ခြင်း။

မိမိ၏ဘဝရည်မှန်းချက်ပန်းတိုင်အဖြစ် စာဖတ်ခြင်းတွင် မွေ့လျော်ပျော်ပိုက်တတ်သည့်အလျောက် စာရေးခြင်း၊ စာဖတ်ခြင်းလုပ်ကိုင်ရသောစာရေးဆရာကြီးလာလျှင် လုပ်မည်ဟု ခိုင်မာစွာ သန္နိဋ္ဌာန်ချခဲ့မိပါသည်။ စာရေးဆရာလုပ်ချင်သူအတွက် မိမိအင္ဂမတန်းကျောင်းသားဘဝက အနှစ်သက်ဆုံးစာအုပ်တစ်အုပ်၊ ဂုဏ်ထူးစာစီစာကုံးများ၊ ရေးသားသူဆရာကြီး ဂုဏ်ထူးဦးသိန်းနိုင်သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာစာဂုဏ်ထူးနှင့် ထူးချွန်စွာအောင်မြင်ခဲ့သူဖြစ်သည့်အပြင် မန္တလေးတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသူဟု သိရခြင်းကြောင့် ထိုစဉ်ကာလ အားကျလောက်အောင် ပေါ်ထွက်လာသော မောင်သိန်းနိုင်၊ ကိုရင်ဂျမ်း၊ မောင်စွမ်းရည်၊ ကြည်အောင်၊ မောင်သာနိုး၊ မောင်ပေါက်စည်၊ ဝင်းကြွယ် စသည့်မန္တလေးတက္ကသိုလ်ဆင်း ရှေ့ကကျောင်းသားဟောင်း ကဗျာဆရာ၊ စာရေးဆရာများကို အားကျအတုယူလိုခြင်း၊ မိခင်မန္တလေးတက္ကသိုလ်ကို ချစ်ခင်ကြည်ညိုအားထားစွာဖြင့် ပညာရင်နို့သောက်စို့လိုခြင်း။ စာပေအရ ကလျာဏမိတ္တ အားတက်အတုယူစရာ ကျန်ရစ်ခဲ့ခြင်းပင်။

ထိုအချိန်က စိတ်ပညာအဓိကဘာသာဖြင့် ဝိဇ္ဇာဘွဲ့ ယူရန်တက်လိုပါက ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်မှာသာ သင်ယူနိုင်ပါသည်။ မကွေး၊ တောင်ကြီး စသောကောလိပ်များမှာ ပထမနှစ်မှ ဒုတိယနှစ်သင်ကြားပေးရာတွင် မြန်မာစာ၊ ပထဝီ၊ သမိုင်းစသော အဓိကဘာသာများရှိကြသော်လည်း စိတ်ပညာဌာန မရှိကြသေးပါ။ မကွေးကောလိပ်ကိုလည်း မတက်လိုပါ။ မန္တလေးမြို့နှင့် မန္တလေးတက္ကသိုလ်သည်သာ မိမိဘဝ တက်လမ်းခရီးအတွက် မှန်ကန်ကြီးမားသော ပတိရူပဒေသနှင့် **"သပ္ပုရိသူပနိဿယစက်"** ဟုခံယူခဲ့ပါသည်။

**ကိုယ်တွေ့**

ရန်ကုန်တက္ကသိုလ် နောက်ခံတေးဂီတသီချင်းများ၊ ဝတ္ထုဇာတ်လမ်းများ၊ စာပေထဲမှာ ဖတ်ရ၊ သိရသည်များရှိသော်လည်း မိမိနှလုံးသားတွင်ကား ငယ်စဉ်ကပင် မန္တလေးသို့ရောက်လျှင် မန္တလေးတက္ကသိုလ်သို့ စက်ဘီးရှေ့ကထိုင်စေပြီး မိမိကိုယ် မန္တလေးတက္ကသိုလ်ဝန်းထဲတစ်ပတ် စက်ဘီးနှင့် လျှောက်ပတ်စီးလျက် လိုက်ပို့ပြသပေးသော အစ်ကိုကြီးတင်ထွန်း (အစ်ကိုတစ်ဝမ်းကွဲ ဒေါက်တာတင်ထွန်း) ကျန်းမာရေးဌာနမှာ ညစောင့်အလုပ်လုပ်ရင်း မန္တလေးဆေးကျောင်းမှ M.B.B.S ဘွဲ့ရအောင် ကြိုးစားခဲ့သူ၏ စေတနာ။

စာမျက်နှာ ၂၇ သို့ ➤

# ရွှေဘိုခရိုင်တွင် နှမ်း ၂၈၁၄၃ ကေထိ စိုက်ပျိုးပြီးစီး လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ



**ရွှေဘို မေ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် နှမ်း ၂၈၁၄၃ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၁၇၁၇ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၁၄၃ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုခရိုင် နွေသီးနှံစိုက်ပျိုးရာသီမှာ နှမ်းကေ ၇၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမှာပါ။ နှမ်းစိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နွေနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၄၅ ကေ၊ ခင်ဦးမြို့နယ်တွင် ကေ ၂၅၀၊ ဝက်လက်မြို့နယ်တွင် ၂၇၇၄၈ ကေ စုစုပေါင်း ၂၈၁၄၃ ကေတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၈၁၂၁ ကေ၊ ခင်ဦးမြို့နယ်တွင် ၃၃၁၈ ကေ၊ ဝက်လက်မြို့နယ်တွင် ၅၀၂၇၈ ကေ စုစုပေါင်း ၇၁၇၁၇ ကေတို့ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် နှမ်းကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငွေတိုးစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငွေတိုးစပါးတင်းရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလတစ်လအတွင်း ငွေတိုးစပါးတင်းရေ၄၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက် ထိ တစ်လအတွင်း ငွေတိုးစပါးတင်းရေ ၇၂၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း ငွေတိုးစပါးတင်းရေ ၇၂၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ငွေတိုးစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစား ဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကနည်းနည်း ငြိမ်နေပါတယ်။ ငွေတိုးစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး''ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင် ပြောပြသည်။



ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငွေတိုးစပါးတင်းရေ ၇၂၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၆ မှအဆက်

၁၉၆၀ ပြည့်နှစ်ဝန်းကျင်က ဖြစ်ပါလိမ့်မည်။ ထိုစဉ်က ရာဇတ်ခန်းမမြေညီထပ်မှာ လက်နှင့် ဖိလိုက်လျှင် ရေခဲရေ(ရေအေး) ပန်းထွက်လာပြီး ရေသောက်ခဲ့ရခြင်းကလည်း တောသားလေး စာရေးသူမှာ "မိခင်မန္တလေးတက္ကသိုလ်ကြီးက ခေတ်မီအဆင့်မြင့်လှပါတကား"ဟု အံ့သြဝမ်းသာ မော်ကြည့်စေခဲ့သော ခံစားမှုဖြစ်ခဲ့ရပါ၏။ နောင်တစ်နေ့မှာ ဤနေရာကို ငါရောက်အောင်လာခဲ့မည်ဟု စိတ်ထဲက ဆန္ဒပြင်းပြခဲ့ပါ၏။ တက္ကသိုလ်စာသင်နှစ် လေးနှစ်တာကာလအတွင်း မိမိဘဝကို အကြီးအကျယ်ပြောင်းလဲစေခဲ့သည်ကား သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့် ပတ်ဝန်းကျင်သာမက ကျေးဇူးအထူးတင်ရမည့် အမှတ်တရမှာ မိမိအချိန်များစွာပေး၍ ငှားဖတ်၊ မှတ်သားရအောင် စာအုပ်ကောင်းများစွာသိုမှီးရာ "မန္တလေးတက္ကသိုလ် စာကြည့်တိုက်ကြီး" (ထိုစဉ်က ရာဇတ်ခန်းမမြေညီထပ်)ဖြစ်ပါသည်။ ကျေးဇူးကြီးမားပါသည်။

**နိဂုံး**

အမိမန္တလေးတက္ကသိုလ်၏ ကျေးဇူးဂုဏ်များသည်ကား ရေးသားတင်ပြ၍မကုန်နိုင်ပါ။ ကြီးမားများပြားလှပါသည်။ သားတပည့်များစွာထဲမှ စာရေးသူသည် မန္တလေးတက္ကသိုလ်ဆင်း စာရေးနေသူတစ်ယောက်အနေနှင့် ပေါ်ပေါက်လာခဲ့ရသည်ကိုပင် ကြည်နူးဝမ်းသာကျေနပ်၍ မဆုံးပါကြောင်း မိခင်မန္တလေးတက္ကသိုလ်အား ဦးခိုက်ပူဇော်လျက်။

# မင်းလှမြို့နယ် ကျောက်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မေ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ကျောက်မြောင်းကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ဒေါင်းဘုတ်ကျေးရွာအုပ်စု ကျောက်မြောင်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၇၇ ဒသမ ၅၀ သန်းကို ကျောက်မြောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကျောက်မြောင်းကျေးရွာရှိ စိုက်ပျိုး ရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၂ ဦးကို ငွေကျပ် ၅၃ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၃၀ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၂ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၇ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

**ကိုညို**

# မိုင်းယောင်းမြို့နယ် ပုံချိုနီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မိုင်းယောင်း မေ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုံချိုနီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများသည် ပုံချိုနီးကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားကြရန် ဆွေးနွေးမှာကြားသည်။

ပုံချိုနီးကျေးရွာတွင် အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူ့ထည့်ဝင်ငွေကျပ် ၃ ဒသမ ၂၄ သန်းကို အသုံးပြုကာ မြို့နယ် ခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# နိုင်ဂျီးရီးယားနိုင်ငံ နိုင်ရာဂျာပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးမြေနှင့် စိုက်ခင်းအမြောက်အမြား ပျက်စီး



**အဘူဂျာ ဧပြီ ၂၁**

နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး စိုက်ပျိုးမြေများနှင့် စိုက်ခင်းအမြောက်အမြား ပျက်စီးနေကြောင်း နိုင်ဂျာပြည်နယ် အာဏာပိုင် အဖွဲ့အစည်းက အတည်ပြု ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

နိုင်ဂျာပြည်နယ်တွင် ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်ကြောင့် မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်နေခြင်းဖြစ်ကာ တောင်သူများအနေဖြင့် ရာသီဥတုလွန်ကဲမှုအောက်တွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲများ ရှိလာကြောင်း၊ ခြောက်သွေ့သည့် ရာသီဥတုဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ရေကြီးရေလျှံမှုဖြင့် ထပ်မံရင်ဆိုင်လာရကာ စိုက်ပျိုးထုတ်ကုန်မှ ပျက်စီးမှု၊ ဆုံးရှုံးနစ်နာခဲ့ရသည့် တန်ကြေးပမာဏစုစုပေါင်းမှာ နိုင်ရာထရီလီယံနှင့်ချီ၍ ရှိနေပြီဖြစ်ကြောင်း သိရသည်။

"ရာသီဥတု လွန်ကဲမှုကြောင့် စိုက်ပျိုးသီးနှံအထွက်နှုန်း သိသိသာသာကျဆင်းခဲ့ရတယ်။ ခြောက်သွေ့တဲ့ရာသီဥတုနဲ့ ရင်ဆိုင်ခဲ့ရပြီး စိုက်ခင်း အမြောက်အမြားပျက်စီးခဲ့ရသလို အခုတစ်ဖန် ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းအမြောက်အမြားပျက်စီးနေတယ်။ စိုက်ပျိုးထုတ်ကုန်ပိုင်းမှာ ရာသီဥတုလွန်ကဲမှုကြောင့် ဆုံးရှုံးနစ်နာခဲ့တဲ့ တန်ကြေးက နိုင်ရာထရီလီယံနဲ့ ချီပြီးရှိနေပြီဖြစ်ပါတယ်။ ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းတွေအပြင် စိုက်ပျိုးရေးလုပ်ငန်းအခြေခံအဆောက်အအုံတွေနဲ့ အထောက်အကူပြုပစ္စည်းတွေ ဆုံးရှုံးနေရတယ်။ အရာအားလုံးဆုံးရှုံးနေရတဲ့အတွက် တောင်သူတွေ အိပ်မပျော်နိုင်တဲ့ညတွေ များလာပါပြီ။ အခုလို ရာသီဥတုလွန်ကဲမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရတာတွေက ငွေကြေးတစ်ခုတည်း မဟုတ်ပါဘူး။ တောင်သူတွေရဲ့ သွေးတွေ၊ ချွေးတွေလဲပါတယ်"ဟု နိုင်ဂျာပြည်နယ် တောင်သူများအသင်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# နယူးဇီလန်နိုင်ငံ မြောက်ကျွန်းအလယ်ပိုင်းတွင် မိုးသည်းထန်စွာရွာနေသဖြင့် ရေကြီးရေလျှံမှု သတိပေးချက်ထုတ်ပြန်

**ဝယ်လင်တန် ဧပြီ ၂၁**

နယူးဇီလန်နိုင်ငံ မြောက်ကျွန်း အလယ်ပိုင်းတွင် ဧပြီ ၂၀ ရက်က မိုးသက်လေပြင်း ကျရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း နယူးဇီလန်မိုးလေဝသ ဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသက်လေပြင်းသည် မြောက်ကျွန်း၌ မကြာသေးမီက တိုက်ခတ်ခဲ့သော တမ်ဆိုင်ကလုန်းမုန်တိုင်း၏ နောက်ဆက်တွဲဖြစ်ပေါ်လာသည့် မိုးသက်လေပြင်းဖြစ်ပြီး လေတိုက်နှုန်း ပြင်းထန်သည့်အတွက် သစ်ကိုင်းများကျိုးကျပြီး လျှပ်စစ်မီး ပြတ်တောက်မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ မြောက်ကျွန်းအလယ်ပိုင်းအပြင် အော့ကလန်မြို့တွင်လည်း မိုးသည်းထန်စွာ ရွာသွန်းနေပြီး ရေကြီးရေလျှံမှု သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"မြောက်ကျွန်း အလယ်ပိုင်းမှာ ဧပြီ ၂၀ ရက်က မိုးသက်လေပြင်း ကျရောက်ခဲ့ပါတယ်။ မိုးသက်လေပြင်းဟာ တမ်ဆိုင်ကလုန်းမုန်တိုင်းရဲ့ နောက်ဆက်တွဲပြဿနာဖြစ်ပါတယ်။ မိုးသက်လေပြင်းကြောင့် ပျက်စီးမှုတွေရှိခဲ့ပါတယ်။ လျှပ်စစ်မီးတွေလဲ ပြတ်တောက်နေပါတယ်။ လျှပ်စစ်မီးအမြန်ဆုံး ပြန်လည်ရရှိဖို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေက ပြင်ဆင်မှုတွေ ပြုလုပ်နေပါတယ်။ အော့ကလန်မြို့မှာလဲ မိုးသက်လေပြင်းကြောင့် ပျက်စီးမှုတွေ မြင့်မားနေတယ်။ အော့ကလန်မြို့ အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းနဲ့ပူးပေါင်းပြီး ရှင်းလင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားပါမယ်"ဟု မြောက်ကျွန်း အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဗစ်တာက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာသည်နှင့်အမျှ ဒီရေတောများ ပိုမိုပျက်စီးလာ

**ဝါရှင်တန် ဧပြီ ၂၁**

အမေရိကန်နိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသည်နှင့်အမျှ ဒီရေတောများပိုမိုပျက်စီးလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ကမ်းရိုးတန်းတစ်လျှောက်တွင် သဘာဝအတိုင်းပေါက်ရောက်နေသောဒီရေတောများသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာသည်နှင့်အမျှ ရေငန်များဝင်ရောက်မှုများပြားကာ ဒီရေတောအတွင်း ပေါက်ရောက်နေသောသစ်ပင်များ ခြောက်သွေ့ကာ စိမ့်မြေများ ပျက်စီးသွားကြောင်း သိရသည်။



"ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာတော့ မြေဆီလွှာအပေါ်ပိုင်းမှာ ရေငန်တွေ ပိုမိုများလာပါတယ်။ ဒီရေတောတွေပျက်စီးတော့ မုန်တိုင်းနဲ့ဒီရေလှိုင်းဒဏ်ကို ခံနိုင်ရည် ကျဆင်းလာပါတယ်။ အချိန်မီထိန်းသိမ်းမှုတွေ မလုပ်ဘူးဆိုရင် အဏ္ဏဝါဂေဟစနစ်ကို ကမောက်ကမ ဖြစ်စေမှာဖြစ်ပါတယ်"ဟု ဝါရှင်တန်ဒီစီရှိ ဂျော့ချ်ဝါရှင်တန်တက္ကသိုလ်မှ ကမ်းရိုးတန်းဂေဟဗေဒပညာရှင် ဂီဒန်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အတ္တလန္တိတ် အလယ်ပိုင်းကမ်းခြေရှိ ပင်လယ်အော်တစ်လျှောက်တွင် ပေါက်ရောက်နေသော ဒီရေတောများသည် ယခုအခါ တဖြည်းဖြည်း ခြောက်သွေ့ကာ ပျက်စီးနေပြီး အဆိုပါ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်အတွက် အလွန်အရေးပါပြီး ကမ်းရိုးတန်းဒေသများကို မုန်တိုင်းဒဏ်ကို ခံနိုင်ရည်ရှိစေကာ ရာသီဥတုဖောက်ပြန်မှုကို ဖြစ်စေသော ကာဗွန်ကို သိုလှောင်ပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အင်္ဂလန်နိုင်ငံတွင် ပင်လယ်ထဲမှ ကာဗွန်စုပ်ထုတ်မည့်စီမံကိန်း စတင်

**လန်ဒန် ဧပြီ ၂၁**

အင်္ဂလန်နိုင်ငံတွင် ပင်လယ်ထဲမှ ကာဗွန်ကို စုပ်ထုတ်မည့် စီမံကိန်းကို အင်္ဂလန်တောင်ဘက် ကမ်းရိုးတန်းတွင် ယခုလတတိယပတ်မှ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါစီမံကိန်းကို Sea CURE ဟု အမည်ပေးထားပြီး ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို တိုက်ဖျက်သည့် စီမံကိန်းများထဲမှ တစ်ခုဖြစ်ပြီး အင်္ဂလန်အစိုးရက ရန်ပုံငွေ ပံ့ပိုးပေးထားကြောင်း သိရသည်။

"ရေထုထဲက ဖန်လုံအိမ်ဓာတ်ငွေ့တွေကို ဖယ်ရှားနိုင်လာပါက ကာဗွန်ထုတ်လွှတ်မှု သုညအသားတင်ရရှိရေး ရည်မှန်းချက်ကို အထောက်အပံ့ ဖြစ်စေမှာပါ။ ရေထုမှာ စမ်းသပ်အောင်မြင်သွားရင် လေထုမှာပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားမှာပါ"ဟု နိုင်ငံစွမ်းအင်ဝန်ကြီး ကယ်ရီ အမ်ဗီက ပြောကြားခဲ့သည်။

ကမ္ဘာကြီးပူနွေးလာမှု၏ အဓိကအကြောင်းရင်းမှာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့်ဖြစ်ပြီး အဆိုပါဖန်လုံအိမ်ဓာတ်ငွေ့ကို ဖြတ်တောက်ရန် အရေးကြီးကြောင်း ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း၊ ထို့နောက် အင်္ဂလန်နိုင်ငံမှ သိပ္ပံပညာရှင်များ ဦးဆောင်၍ Sea CURE စီမံကိန်းကို ဖော်ဆောင်ခဲ့ပြီး ပင်လယ်ပြင်မှ ဖန်လုံအိမ်ဓာတ်ငွေ့ကိုစုပ်ယူရန် အဓိကအားဖြင့် ကာဗွန်ကိုဖမ်းယူရန် စီမံခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် ရေထဲမှကာဗွန်ကို ကုန်ကျစရိတ်နည်းနည်းဖြင့် ဖယ်ရှားနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် SeaCURE စီမံကိန်းကို အင်္ဂလန်အစိုးရက ရန်ပုံငွေ စတာလင်ပေါင် သုံးသန်း ပေးအပ်ထားပြီး အင်္ဂလန်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကိုတိုက်ဖျက်သည့် စီမံကိန်း ၁၅ ခုထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အိန္ဒိယနိုင်ငံ ဘိုင်နီဟက်မြို့ လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေပြီး ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်ဆုံးမြို့အဖြစ် မှတ်တမ်းဝင်နေ

**ဂျီနီဗာ ဧပြီ ၂၁**

အိန္ဒိယနိုင်ငံ ဘိုင်နီဟက်မြို့တွင် လေထုညစ်ညမ်းမှုများဖြစ်ပေါ်နေပြီး ကမ္ဘာ့မြို့များအနက် လေထုညစ်ညမ်းမှုအမြင့်ဆုံးသောမြို့အဖြစ်မှတ်တမ်းဝင်နေကြောင်း ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Swiss Group IQAir အဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှုကြောင့် ဘိုင်နီဟက်မြို့တွင် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများဖြင့် ရင်ဆိုင်နေရသူ အမြောက်အမြားရှိနေကြောင်း၊ အချို့သောဒေသခံများမှာ အသက်ရှူကျပ်ပြီး အရေးပေါ်ဆေးကုသမှု ခံယူနေရကြောင်း၊ ဘိုင်နီဟက်မြို့တွင် ဖြစ်ပေါ်နေသည့် လေထုညစ်ညမ်းမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော ကျန်းမာရေးနှင့်ညီညွတ်သည့် ပမာဏထက် မြင့်မားနေကြောင်း၊ လေထုညစ်ညမ်းမှုလျော့ကျသွားခြင်းမရှိပါက လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သည့်ရောဂါဝေဒနာများဖြစ်လာနိုင်ကြောင်း သိရသည်။

"ကျွန်တော့် သမီးလေးဟာ ရုတ်တရက်အသက်ရှူကျပ်လာပြီးတော့ ငါးတစ်ကောင်ကုန်းပေါ်မှာ အသက်ရှူနေသလိုမျိုး အသက်ရှူနေတဲ့အတွက် တော်တော်လေးကို ထိတ်လန့်သွားခဲ့တယ်။ ချက်ချင်းပဲ ဆေးရုံကို အမြန်ဆုံးခေါ်သွားခဲ့ရတယ်။ အရေးပေါ်ဆေးကုသမှုခံယူနေပါတယ်"ဟု အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာဖြင့် ရင်ဆိုင်ရကာ ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ခဲ့ရသည့် အန်ဆာရီ အမည်ရှိအမျိုးသမီး၏ ဖခင်ဖြစ်သူ အက်ဘာဒူလ်က နိုင်ငံပိုင်သတင်းစာသို့ ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ရေအောက်ကြမ်းပြင်တွင်နေထိုင်ကျက်စားသည့် ငါးခွေးလျှာငါး၏ သဘာဝနှင့်အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)



ငါးခွေးလျှာငါးကို ငါးပြားမျိုးဟုလည်းခေါ်ကြပြီး အင်္ဂလိပ်လို Long tongue sole ခေါ် Textile tongue sole ဟုလည်း ခေါ်ကြသည်။ ငါးခွေးလျှာသည် များသောအားဖြင့် ရေအောက်ကြမ်းပြင်တွင် သွားလာကျက်စားတတ်သော ငါးမျိုးများဖြစ်သည်။ ထိုင်း၊ မလေးရှားကျွန်းဆွယ်၊ ဖိလစ်ပိုင်နှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးခွေးလျှာများကို တွေ့ရှိရသည်။

ငါးခွေးလျှာမျိုးရင်းတွင် အမျိုးပေါင်း ၅၀၀ ခန့်ရှိသည်။ မျိုးစဉ်မှာ Flat Fishes အုပ်စုဖြစ်ပြီး မျိုးရင်းမှာ Tongue Fishes အုပ်စုဖြစ်သည်။ ငါးခွေးလျှာငါးများမှာ ဆူးတောင်ရိုးပျော့ငါးအုပ်စုဝင်များဖြစ်ကြသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ငါးခွေးလျှာမျိုးစိတ်ပေါင်း ၆၃ ခု တွေ့ရသည်ဟု မှတ်တမ်းများအရ သိရသည်။ မြန်မာနိုင်ငံတွင်လည်း မျိုးစိတ်သစ် ၂၁ ခုကို တွေ့ရှိထားသည်ဟု မှတ်သားရဖူးသည်။

ဥရောပတိုက်မှ ငါးခွေးလျှာသည် အလွန်အရသာရှိသောငါးဖြစ်၏။ မျိုးရင်းတစ်ခုလုံးရှိ ငါးခွေးလျှာများထဲတွင် ဟဲလဗတ်ငါးသည် အကြီးဆုံးဖြစ်သည်။ ဟဲလဗတ်ငါးခွေးလျှာအသည်းတွင် ဗီတာမင်အေနှင့် ဗီတာမင်ဒီ အမြောက်အမြားပါရှိသည့်အတွက်ကြောင့် ၎င်းငါးများကို အနောက်နိုင်ငံများတွင် စီးပွားဖြစ် အကြီးအကျယ်ဖမ်းယူကြသည်။ မြန်မာနိုင်ငံတွင် ပလာဂူရှနှင့် ဆိုးလီးအားဟူသော ငါးခွေးလျှာအုပ်စုဝင်ငါးများကို တွေ့ရှိရသည်။

**ငါးခွေးလျှာ၏ ပုံပန်းသဏ္ဌာန်**

ငါးခွေးလျှာသည် ကိုယ်ထည်ရှည်လျားပြီး မျက်လုံးသည်သေးငယ်ပြီး လုံးဝန်းသည့်ပုံစံရှိသည်။ ငါးခွေးလျှာသည် အကြေးခွံထူပြီး မြေကြီးပေါ်၌ အပြားလိုက်နေနိုင်သည်။ ကိုယ်အပေါ်ဘက်ပိုင်းသာ ရွှံ့ညွန်၏အရောင်နှင့်တူ၏။ အောက်ဘက်ပိုင်း၌ အဖြူရောင်ခပ်ဖျော့ဖျော့ရှိ၏။ ထို့ကြောင့်လည်း ငါးခွေးလျှာအုပ်စုဝင်(Tongue Fish)များမှာ အပြားလိုက်နေထိုင်ကြသော(Flat Fish)များ ဖြစ်ကြပြီး ငါးခွေးလျှာဆိုသည့်အတိုင်း လျှာပုံသဏ္ဌာန်နှင့် ဆင်တူသည်။ အချို့လူများက ငါးခွေးလျှာ၏ အမည်းဘက်အပိုင်းမှာ ကျော၊ အဖြူဘက်အပိုင်းမှာ ဝမ်းဗိုက်ဖြစ်သည်ဟု ထင်ကြ၏။ အမှန်မှာ ထိုအပိုင်းတို့ကား ငါးခွေးလျှာ၏ ညာဘက်ဘေးနှင့် ဘယ်ဘက်ဘေးများသာလျှင် ဖြစ်ပေသည်။ ကိုယ်တစ်ဖက်မည်း၊ တစ်ဖက်ဖြူရှိခြင်းထက် ထူးဆန်းသောအချက်မှာ ဦးခေါင်း၏ညာဘက်တစ်ဖက်တည်း၌ မျက်စိနှစ်လုံးစလုံးရှိခြင်းဖြစ်သည်။ ပါးစပ်မှာလည်း စောင်းလျက်ရှိ၏။ ငါးခွေးလျှာသည် မွေးခါစ၌သာ ငါး၏ပုံပန်းသဏ္ဌာန်ရှိ၏။ မျက်စိမှာလည်း တစ်ဖက်တစ်လုံးစီသာရှိ၏။ သို့သော် များမကြာမီ ဘယ်ဖက်မျက်စိသည် တဖြည်းဖြည်း အပေါ်သို့တက်လာပြီး ညာဘက်သို့ ရွေ့သွားသည်။ ပါးစပ်မှာလည်း ရွဲ့၍သွား၏။ အတန်ကြီးလာသောအခါ ငါးခွေးလျှာသည် နေရောင်ခြည်ရနိုင်သော ရေပြင်သို့ရောက်လာသည်။ ထို့နောက် ရေအောက်သို့ ဆင်းသွားသည်။

**ငါးခွေးလျှာ၏အရောင်**

ငါးခွေးလျှာ၏အရောင်သည် ရေအောက်ရှိရွှံ့ညွန်အရောင်နှင့်ဆင်တူသောကြောင့် အလွယ်တကူမြင်နိုင်ရန်ခဲယဉ်းလှသည်။ ငါးခွေးလျှာငါးသည် တစ်ချိန်နှင့်တစ်ချိန် အရောင်မတူကြဘဲ ပြောင်းလဲလျက်ရှိသည်။ ညိုမည်းသောမြေပြင်ပေါ်တွင်မူ ညိုမည်းသောအရောင်သို့ ပြောင်းလဲတတ်သည်။ ငါးခွေးလျှာ၌ အထက်အောက်နှင့် ဘေးပတ်လည်ကို မြင်နိုင်သော မျက်စိရှိသည်။

**ငါးခွေးလျှာ၏ ဇီဝတည်ဆောက်မှု**

ငါးခွေးလျှာ၏ ဇီဝတည်ဆောက်မှုကို လေ့လာကြည့်လျှင် မျိုးပွားနိုင်သည့်အရွယ်တွင် အဓိကအားဖြင့် ရွှံ့ညွန်ထူထပ်သောနေရာဖြစ်စေ၊ သဲထူသည့်နေရာတွင်ဖြစ်စေ သားပေါက်ရန် သွားရောက်နေထိုင်ကျက်စားလေ့ရှိပြီး ပုံမှန်အားဖြင့် ရေတိမ်သည့်ကမ်းရိုးတန်းဒေသများတွင် နေထိုင်တတ်ကြသည်။ နေ့ဘက်တွင် သဲမြေနှင့် ရွှံ့ညွန်အောက်ခြေတွင် တွင်းတူးနေထိုင်လေ့ရှိပြီး ညဘက်တွင် အစာရှာဖွေစားသောက်လေ့ရှိကြသည်။ ငါးခွေးလျှာငါးများမှာ ၎င်းတို့၏အစာအဖြစ် Benthic invertebrate ဟုခေါ်သော ကျောရိုးမဲ့ရေသတ္တဝါလေးများကို စားသုံးကြသည်။ ငါးခွေးလျှာငါးမှာလည်း ပြဒါးဓာတ်နည်းပါးစွာပါဝင်သော ငါးအမျိုးအစားတွင် ပါဝင်သောကြောင့် ယေဘုယျအားဖြင့် အဆိုပါငါးများကို စားပေးခြင်းသည် ကျန်းမာရေးအတွက် ကောင်းကျိုးပြုသည်ဟု သိရသည်။

**ငါးခွေးလျှာစားဖွယ်စုံ**

ငါးခွေးလျှာငါးကိုအခြောက်ခံ၍ ငါးခြောက်အဖြစ်၊ ဆားနယ်၍ ငါးဆားနယ်အဖြစ်သော်လည်းကောင်း ဈေးကွက်ဝင်အဖြစ် ရောင်းချကြသည်။ ဒေသခံများမှာ ငါးခွေးလျှာကို အိုးကပ်၊ အကြွပ်ကြော်၊ ငါးသံပရာပေါင်းပြုလုပ်စားသုံးကြသည်။ ငါးခွေးလျှာကိုစားခြင်းဖြင့် အောက်ပါကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေသည်။

**နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးခြင်း**

လေ့လာမှုများအရ တစ်ပတ်လျှင်တစ်ကြိမ် ပုံမှန်ငါးစားသုံးသူများသည် နှလုံးရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းနည်းနေသည်ဟု တွေ့ရှိခဲ့ရသည်။ ငါးလုံးဝမစားသူများသည် ရံဖန်ရံခါ ငါးစားသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းခန့်ပိုများနေတတ်သည်ဟုလည်း သိရသည်။ ငါးခွေးလျှာအပါအဝင် ငါးများတွင်ပါသော အိုမီဂါ-၃ ဖက်တီးအက်ဆစ်သည် နှလုံးရောဂါခံစားရနိုင်ခြေကို ကျဆင်းစေသည်။

**အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို နည်းပါးစေခြင်း**

တစ်ပတ်လျှင်တစ်ကြိမ်မျှ ငါးခွေးလျှာငါးအပါအဝင် ငါးများကိုစားသုံးပေးမည်ဆိုလျှင် ဦးနှောက်နှင့် မှတ်ဉာဏ်စွမ်းရည်ကို ကောင်းမွန်စေနိုင်သည်။ ငါးခွေးလျှာငါးကို ကြော်စားခြင်းထက် ဟင်းချက်စားခြင်း၊ ပေါင်းစားခြင်းသည် ကျန်းမာရေးနှင့် ပိုသင့်လျော်သည်။ ငါးသည် ဦးနှောက်ဆဲလ်များကို ကျန်းမာစေနိုင်သည်။ မှတ်ဉာဏ်ကောင်းပြီး သင်ယူမှုအားကောင်းချင်သူများအတွက် ငါးသည် အသင့်လျော်ဆုံးအစားအစာဖြစ်သည်။

**အရေပြားနှင့်ဆံသားကို ကျန်းမာစေနိုင်ခြင်း**

အရေပြားနှင့် ဆံသားကျန်းမာစေရန်အတွက် ခန္ဓာကိုယ်တွင် ကျန်းမာသောအဆီ ပြည့်ဝနေရန်လိုသည်။ အဆီပြည့်ဝနေမှသာ အသားအရေသည် မွဲခြောက်မှုကင်းစင်မည်ဖြစ်သည်။ ငါးခွေးလျှာတွင်ပါသော အိုမီဂါ-၃ သည် ကျန်းမာရေးနှင့်ညီညွတ်သောအဆီဖြစ်ခြင်းကြောင့် စားသုံးရန်သင့်လျော်သည်။ ထို့မျှသာမက အိုမီဂါ-၃ သည် အသားအရေကို အားဖြည့်ပေးသကဲ့သို့ ဆံသားကိုလည်း ကျန်းမာသန်စွမ်းစေသည်။

**စိတ်ဖိစီးမှုကို လျော့ပါးသက်သာစေခြင်း**

လေ့လာမှုများအရ ငါးခွေးလျှာအပါအဝင် ငါးတော်တော်များများတွင်ပါသော အိုမီဂါ-၃ သည် စိတ်ဖိစီးမှုကို လျော့ပါးသက်သာစေနိုင်သည်ဟု သိရသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများအနေဖြင့် တစ်ရက်လျှင် အိုမီဂါ-၃ ၃၀၀ မီလီဂရမ်ကို စားသုံးပေးမည်ဆိုလျှင် ကိုယ်ဝန်ဆောင်ကာလအတွင်း ခံစားရနိုင်သော စိတ်ကျရောဂါကို သက်သာစေနိုင်သည်ဟုဆိုသည်။

**နာတာရှည်ဝေဒနာများမဖြစ်အောင် ကာကွယ်ပေးခြင်း**

ငါးခွေးလျှာအပါအဝင် ငါးတော်တော်များများသည် အမျိုးအစား-၁ ဆီးချိုရောဂါကဲ့သို့ နာတာရှည်ဝေဒနာများမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ အိုမီဂါ-၃ သည် ကလေးငယ်လေးများတွင်လည်း အမျိုးအစား-၁ ဆီးချိုရောဂါမဖြစ်အောင်ကာကွယ်ပေးနိုင်သကဲ့သို့ လေးဖက်နာဝေဒနာနှင့် အာရုံကြောထိခိုက်ပျက်ယွင်းသောဝေဒနာများခံစားရနိုင်ခြေကိုလည်း လျော့ကျစေနိုင်သည်။

**ကလေးငယ်များတွင် ပန်းနာရင်ကျပ်မဖြစ်အောင် ကာကွယ်ပေးခြင်း**

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ နာတာရှည်လေပြွန်ရောင်ရမ်းနေသောအနေအထားတစ်ရပ်ဖြစ်သည်။ ယခုနောက်ပိုင်း ပန်းနာရင်ကျပ်ရောဂါခံစားရသူအရေအတွက်မှာ တော်တော်လေးတိုးလာနေသည်။ လေ့လာမှုများအရ ငါးပုံမှန်စားသုံးပေးသော ကလေးငယ်များတွင် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေသည် ၂၄ ရာခိုင်နှုန်းနည်းသည်ကို တွေ့ရှိရသည်။ ကလေးငယ်လေးများတွင် ငါးခွေးလျှာအပါအဝင် ငါးများများစားလေလေ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ နည်းလေလေဖြစ်သည်။

**အမြင်အာရုံကောင်းမွန်စေခြင်း**

လူကြီးများတွင်ဖြစ်တတ်သည့် မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်းမှာ အမြင်အာရုံထိခိုက်ဆုံးရှုံးရသည့် အဓိကအကြောင်းရင်းဖြစ်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ အမြင်အာရုံမှာ တဖြည်းဖြည်းအားနည်းလာသည်။ ငါးတွင်ပါသော အိုမီဂါ-၃ ဖက်တီးအက်ဆစ်သည် မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ငါးခွေးလျှာအပါအဝင် ငါးများကို ပုံမှန်စားသုံးပေးမည်ဆိုလျှင် အမျိုးသမီးများတွင် အမြင်အာရုံအားနည်းခြင်းကို ၄၂ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သကဲ့သို့ အမြင်အာရုံဆိုင်ရာကြွက်သားများထိခိုက်နိုင်ခြေကိုလည်း ၅၃ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သည်။ လူကြီးများတွင် အမြင်အာရုံထိခိုက်ခြင်းမဖြစ်စေရန် တစ်ပတ်တစ်ကြိမ်ခန့် ငါးကျွေးပေးပါ။

**လေဖြတ်နိုင်ခြေကို လျော့နည်းစေခြင်း**

ငါးခွေးလျှာအပါအဝင်ငါးစားခြင်းသည် လေဖြတ်နိုင်ခြေကိုကျဆင်းစေပြီး ဦးနှောက်ကို ကျန်းမာစေနိုင်သည်။ ငါးတွင်ပါသော အိုမီဂါ-၃ ဖက်တီးအက်ဆစ်သည် လေဖြတ်နိုင်ခြေကို ကျဆင်းစေနိုင်သည်။

**❖လူကြီးများတွင်ဖြစ်တတ်သည့် မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်းမှာ အမြင်အာရုံထိခိုက်ဆုံးရှုံးရသည့် အဓိကအကြောင်းရင်းဖြစ်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ အမြင်အာရုံမှာ တဖြည်းဖြည်းအားနည်းလာသည်။ ငါးတွင်ပါသော အိုမီဂါ-၃ ဖက်တီးအက်ဆစ်သည် မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်းမဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ ငါးခွေးလျှာအပါအဝင် ငါးများကို ပုံမှန်စားသုံးပေးမည်ဆိုလျှင် အမျိုးသမီးများတွင် အမြင်အာရုံအားနည်းခြင်းကို ၄၂ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သကဲ့သို့ အမြင်အာရုံဆိုင်ရာကြွက်သားများထိခိုက်နိုင်ခြေကိုလည်း ၅၃ ရာခိုင်နှုန်းထိ ကျဆင်းစေနိုင်သည်။ ❖**

အချုပ်အားဖြင့်ဆိုရသော် ငါးခွေးလျှာသည် ရေအောက်ကြမ်းပြင်နေ ငါးအမျိုးအစားဖြစ်ပြီး ချိုသောအရသာရှိ၍ လူကြိုက်များသောဈေးကွက်ဝင်ငါးတစ်မျိုးလည်းဖြစ်သည်။ ထို့မျှသာမက ငါးခွေးလျှာသည် ဆေးဖက်လည်းဝင်ပြီး ကျန်းမာရေးအကျိုးကျေးဇူးလည်းများပြားလှသဖြင့် အာဟာရတန်ဖိုးမြင့်ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၅)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊ အမှတ်(၂)
- Fish Base of Myanmar
- Inland Fisheries of Myanmar

# ကလေးဝမြို့နယ်တွင် မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ကေလျှင် ၂၁ ဒသမ ၀၅ တင်းထွက်ရှိ



**ကလေးဝ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မတ်ပဲကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၉၁၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၁ ဒသမ ၀၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကလေးဝမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၁၉၁၉ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မတ်ပဲတွေ အခုလက်ရှိအချိန်မှာတော့ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲ စိုက်ပျိုးချိန်မှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ကပြောပြသည်။

ကလေးဝမြို့နယ်တွင် မတ်ပဲ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကိုအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသအတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ ပို့ကုန် အဖြစ်တင်ပို့ရောင်းချနိုင်မည့် အပြင် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်ကပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေ

**မော်လမြိုင်ကျွန်း ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များကို ယခုနှစ် ဧပြီလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင်ပိဿာချိန် ၁၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းရွက်တစ်ပိဿာလျှင်ငွေကျပ် ၁၈၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် ဘိုကလေးဘက်နဲ့ အခြားဒေသတွေကဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်အရောင်းအဝယ်သမားတွေကဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်သူဇာက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းရွက်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည်ဒေသထွက်ကွမ်းရွက်များကိုအခြားဒေသများသို့ စနစ်တကျ ထုတ်ပိုးတင်ပို့ရောင်းချနေကြောင်း၊အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်အားကောင်းလာသည့်အတွက် စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများအဆင်ပြေလာကြောင်း ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်သူဇာထံမှ သိရသည်။

**ကျော်ကျော်လင်း**

## လျှပ်စစ်ဓာတ်အားကြောင့်ဖြစ်ပွားနိုင်သော... 

## လျှင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်သောဘေးဖြစ်ပြီး ရုတ်တရက်ဖြစ်ပွားတတ်သည့်အတွက်ကြောင့် လူဦးရေ၊ လူနေအိမ်၊ တိုက်တာအဆောက်အအုံများသည့်နေရာများတွင် ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများနိုင်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့်ဖြစ်ပေါ်ခဲ့ပြီး မြေသားများပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြောလေးခုရှိပြီး အရှည်ဆုံးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့ကြောသည် ကချင်ပြည်နယ် ပူတာအိုမှစတင်၍ ဧရာဝတီမြစ်တစ်လျှောက်မှ စစ်တောင်းမြစ်ဝှမ်းကိုဖြတ်ပြီး မုတ္တမပင်လယ်ကွေ့ထိရှည်လျားပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ ပြင်းအားအနည်းငယ်နှင့်ပြင်းအားအသင့်အတင့်ဖြင့် ငလျင် အကြိမ် ၅၆၀ လှုပ်ခတ်ခဲ့ပါသည်။

၄။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်းတို့ကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက်အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသော နေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ပြုတ်ကျ၊ကွဲရှနိုင်သော ပစ္စည်းများတွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန်မြဲမြံအောင်ပြုလုပ်ထားပါ။

(ဃ) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) ငါးစက္ကန့်အတွင်းအဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ထိုင်)ပုံစံဖြင့်နေပါ။

(ဂ) လယ်ကွင်း၊ကွင်းပြင် (သို့) ဘေးကင်းရာ(မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျလာနိုင်သောအရာများနှင့်ဝေးရာ)သို့ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ(သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကားစသည့်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင်အောက်ပါတို့ကို ရှောင်ရှားရန်လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက်ပိုင်း အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသောသတင်းများကိုစဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲ ငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား ...



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

သဘာဝအားဖြင့် အရသာထူး စိတ်ရွှင်ကြည်နူး ....

ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး







ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



5 Digits Online Lottery

ထီပေါက်သလား စစ်ဆေးရန် "နည်းလမ်း (၃)မျိုး"

1. Application ထဲဝင်ပြီး "ထီပေါက်စဉ်/ Result" ထဲ ထီတိုက်မယ်။

2. Application ထဲဝင်ပြီး "ကျွန်ုပ်၏ ထီလက်မှတ်/ Ticket ထဲက "ထီပေါက်ပါသည် / Won Tickets" မှာ စစ်ဆေးနိုင်ပါတယ်။

3. https://aungbarlay.ird.gov.mm/ မှ "ထီတိုက်မည်/ Search result" ကနေ ကိုယ်ထိုးထားတဲ့ ထီနံပါတ်ကို ရိုက်ရှာကြည့်မယ်။



Call Center 777 (or) 09 677 000 777
aungbarlay.ird.gov.mm
App Store
Google Play


## ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၃)နေ မောင်ကျောင်ချစ်ဖူ (ဘ) ဦးကျောင်ဟုန်းချန်း(၁၃/ကခန(နိုင်)၀၈၆၉၇၄)၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၃၇၀၁၅၂၁



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မှုဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။


## COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဂရိတ်ဖရုသီးသည် ကင်ဆာဖြစ်စေသောအင်ဇိုင်းကို ဟန့်တားပေးသည်။ ဆေးလိပ်ဖြတ်ပြီးနောက်ပိုင်း အဆုတ် သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သည်။



## COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်အိတ်ရောဂါကို ထိန်းသိမ်းပေးပြီး ချွဲ သလိပ်၊ နှပ်၊ နှာရည် စသည့်ရွှန်းပစ်ပစ္စည်းများကို အလွယ်တကူ ယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ဓာတ်လှေကားစီးခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်းဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများကို ကြိုဆို**

စာမျက်နှာ- ၂၁

**ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘီလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ**

စာမျက်နှာ- ၁၆

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၁၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၂

**၂၀၂၅ ခုနှစ် ဧပြီ ၂၁ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ဂရမ်)၏ ဈေးနှုန်း ၅၆၃၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ လျှင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော Sky Villa၌ အပျက်အစီးများကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၂၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးလျှင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ☆